စက်မှုအလင်း ဂျာနယ်
Beacon of Industry
Vol.4, No.15 - Oct 15 , 2019
www.moin.gov.mm
စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# (၇) ကြိမ်မြောက် နိုင်ငံတကာနည်းပညာပြပွဲ နေပြည်တော်တွင်ကျင်းပခဲ့

စာမျက်နှာ - ၂




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြပွဲတွင်ခင်းကျင်းပြသထားသော ပစ္စည်းများအား ကြည့်ရှုအားပေးစဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဂျပန်နိုင်ငံ Tsuyatomo Co.,Ltd. ၏ President Mr.Yoshihiro Oguri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




စာမျက်နှာ - ၃

## ‘ 2019 JOB FAIR ’ အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေပွဲ ကျင်းပ

စာမျက်နှာ - ၇

## ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာအဆင့်မီ ငါးပြတိုက်ဖွင့်လှစ်ရန် ဆောင်ရွက်နေ

စာမျက်နှာ - ၁၅






## သီတင်းကျွတ်တော့မည်

စာမျက်နှာ - ၆

## လက်သန့်စင်ဆေးအကြောင်း သိကောင်းစရာ

စာမျက်နှာ - ၁၀

## ‘ မေတ္တာပြိုင်ပွဲ ’

စာမျက်နှာ - ၁၆

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**မျက်နှာဖုံးမှ-**

အနာဂတ်တွင် မြန်မာနိုင်ငံ၏ စက်မှုနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် စက်မှုဝန်ကြီးဌာနက ကြီးမှူးပြီး Myanmar Engineering Society (MES) မှပံ့ပိုးကူညီ၍ Myanmar Promotional Services (MPS) ကုမ္ပဏီလီမိတက်က စီစဉ်ကျင်းပသည့် သတ္တမအကြိမ်မြောက် နိုင်ငံတကာနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှု စွမ်းရည်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၃၀ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပခဲ့ရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ ဦးအုန်းဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ Myanmar Promotional Services (MPS) Managing Director ဒေါက်တာဇာနည်မောင်မောင်နှင့် တာဝန်ရှိသူများက သတ္တမအကြိမ်မြောက်နိုင်ငံတကာနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး စက်မှုနှင့်နည်းပညာကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် စက်မှုနည်းပညာများ၊ ဆောက်လုပ်ရေးနည်းပညာများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာများ၊ လုံခြုံရေးနည်းပညာများ၊ လျှပ်စစ်ထုတ်လုပ်ရေးနည်းပညာများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာများနှင့် ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်ထားသည့် မော်တော်ယာဉ်အမျိုးမျိုး၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာအမျိုးမျိုးနှင့် စက်မှုနည်းပညာတီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။







အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၏ စက်မှုနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စက်မှုနှင့် နည်းပညာတီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ (ကနောင်ဆု) ကို ထည့်သွင်းကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင်ကျင်းပခဲ့ရာ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။ ဖွင့်ပွဲတွင် အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကားပြောကြားကာ နိုင်ငံတကာနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အဓိကကူညီပံ့ပိုးသည့်ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကောလိပ်အဆင့်တွင် Design of Digital Geiger Muller Counter ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဒုတိယဆုရရှိသည့် ချင်းတွင်းကောလိပ်ကို ဂုဏ်ပြုလက်မှတ်နှင့်ငွေသားကျပ် ၃ သိန်းအားလည်းကောင်း၊ စက်မှုသင်တန်းကျောင်းအဆင့်တွင် Mini Band Saw Machine Project ဖြင့် ပထမရရှိသည့် စက်မှုသင်တန်းကျောင်း (ဆင်တဲ) အားလည်းကောင်း၊ Paper Cutting Machine Project ဖြင့် ဒုတိယရရှိသည့် စက်မှုသင်တန်းကျောင်း (သာဂရ) အားလည်းကောင်း၊ Acetylene Generator Project ဖြင့် တတိယရရှိသည့် စက်မှုသင်တန်းကျောင်း (ဆင်တဲ) တို့အား ဂုဏ်ပြုလက်မှတ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။




ဆက်လက်၍ စက်မှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် Myanmar Promotional Services ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇာနည်မောင်မောင်တို့က နှစ်သိမ့်ဆုရရှိသည့်စက်မှုသင်တန်းကျောင်းများကို ဂုဏ်ပြုလက်မှတ်နှင့်ငွေသားဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။ အဆိုပါတီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုအဖြစ် ငွေကျပ် ၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၃ သိန်း၊ တတိယဆု ငွေကျပ် ၂ သိန်းနှင့်နှစ်သိမ့်ဆုများကို ငွေကျပ် ၁ သိန်း ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာနည်းပညာပြပွဲကို နေပြည်တော်တွင် (၃) ကြိမ်၊ ရန်ကုန်တွင် (၃) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ယခုပြပွဲသည် (၇) ကြိမ်မြောက် ကျင်းပသည့်ပြပွဲဖြစ်ပြီး နိုင်ငံတကာမှ နည်းပညာနှင့်စက်မှုကုမ္ပဏီကြီးများမှ ပြခန်းပေါင်း ၆၀ ကျော် ခင်းကျင်းပြသ၍ ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာများကို ပြည်သူများ ပိုမိုသိရှိနားလည်စေရန်နှင့် လေ့လာဝယ်ယူနိုင်ရန် ၂ ရက်ကြာ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။


မျက်နှာဖုံးမှ-

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဂျပန်နိုင်ငံ Tsuyatomo Co.,Ltd. ၏ President Mr.Yoshihiro Oguri ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဂျပန်နိုင်ငံ၊ Tsuyatomo Co.,Ltd. ၏ President Mr.Yoshihiro Oguri ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၁၀ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရုံးအမှတ် (၃၀) ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်) ရှိ ဆေးဆိုးနှင့်အချောကိုင်ဌာနတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံတွင် Japan International Cooperation Agency - JICA ကူညီထောက်ပံ့မှုဖြင့် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည့်အခြေအနေများနှင့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်နေလျက်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ Tsuyatomo Co.,Ltd. မှကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ ❑



# မဲခေါင်ဒေသအတွင်းရှိ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး အတွေ့အကြုံများမျှဝေရန်ရည်ရွယ် Seminar on Innovation and Young Entrepreneurship for Regional Development ဆွေးနွေးပွဲကျင်းပ

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းသည် ဩဂုတ်လ ၂၈ ရက်နေ့တွင် နေပြည်တော် Park Royal Hotel ၌ကျင်းပသည့် Seminar on Innovational and Young Entrepreneurship for Regional Development အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် မဲခေါင်-လန်ချန်းဒေသအတွင်းရှိ လူငယ်စွန့်ဦးတီထွင်သူများ၊ လုပ်ငန်းစတင်တည်ထောင်သူများကို အားပေးမြှင့်တင်ရန်နှင့် ဒေသတွင်းကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၊ တီထွင်ဖန်တီးမှုနှင့် အဆောက်အဦကဏ္ဍများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက ဆင်းရဲမှုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ တီထွင်ဖန်တီးမှုများမှာအဓိကကျသည့်ကဏ္ဍတွင် ပါဝင်နေသည့်အတွက် MSME များအနေဖြင့် ယှဉ်ပြိုင်မှုကိုဦးတည်သည့် တီထွင်ဖန်တီးမှုများရှိရန် ကြိုးစားကြဖို့လိုအပ်ကြောင်း၊ တီထွင်ဖန်တီးမှုများနှင့်ဆန်းသစ်သော အကြံဉာဏ်များကို လုပ်ငန်းအတွင်း၊ အပြင် အသိပညာများ ဖလှယ်ခြင်းများမှတစ်ဆင့် ရရှိနိုင်မှာဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် အချင်းချင်းအပြန်အလှန်ဆွေးနွေးခြင်းများမှတစ်ဆင့် ကောင်းမွန်သည့်အကျိုးကျေးဇူးများ၊ အသိပညာများ၊ အတွေ့အကြုံများ၊ ဆန်းသစ်တီထွင်မှုအကြံဉာဏ်သစ်များ ရရှိလာနိုင်မည်ကိုယုံကြည်ကြောင်း၊ မိမိတို့နိုင်ငံ၏အနာဂတ်သည် လူငယ်များအပေါ်မှာ မူတည်နေပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံသည် လူငယ်များဖြစ်သည့်အတွက် နိုင်ငံစီးပွားရေးတိုးတက်ရေးကို ဦးဆောင်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီအနေအထားကို အကျိုးရှိစွာအသုံးချပြီး အခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး မြန်မာလူငယ်စွန့်ဦးတီထွင်သူများကို ကြိုးစားကြရန်တိုက်တွန်းလိုကြောင်း၊ စွန့်ဦးတီထွင်မှုအကြံဉာဏ်သစ်များ၊ အကြံပြုချက်များရရှိလာစေရန် ဒေသတွင်းလူငယ်အချင်းချင်း ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးပွဲတက်ရောက်လာကြသည့် ကိုယ်စားလှယ်များကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံဒေသကိုလည်း သွားရောက်လေ့လာနိုင်ရန် စီစဉ်ထားသည့်အတွက် လေ့လာရေးမှတစ်ဆင့် ဆန်းသစ်သည့်အတွေးအခေါ်များ၊ အတွေ့အကြုံများရရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။






ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်တောင်စုသမ္မတမြန်မာနိုင်ငံသံရုံးမှ Counselor Mr.Yang Shouzheng ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းတို့က

စာမျက်နှာ ၅ သို့-

# Shwe Pu Zun
## Cafeteria & Bakery House




























**SHWE PU ZUN Cafeteria & Bakery House**

**Shop(1)** No.246/248, Anawrahta Rd, Lanmadaw Township,Yangon.
*Tel : 01-222305, 211709, 227171, Fax : 951-227771*

**Shop(2)** No.14-A, Minnandar Rd, Dawbon Township, Yangon.
*Tel : 01-553062, 553063, 553064*

**Shop(3)** No.42, Oaktarathiri Township, Near InGyinPanWyne, Nay Pyi Taw
*Tel : 067-417100, 417200, 417201*

စာမျက်နှာ ၃ မှ-

အမှာစကားများ အသီးသီးပြောကြားကြသည်။

အဆိုပါဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းကွပ်ကဲရေးအဖွဲ့မှတာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းဒေသအတွင်းရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနေပြည်တော်တို့မှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်နေရသော SME ဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် လာအိုနိုင်ငံ၊ လွမ်ပရာဘမ်မြို့၌ ကျင်းပပြုလုပ်သည့် (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒုတိယအသုတ်စီမံကိန်း ၁၉ ခုကို ရွေးချယ်အတည်ပြုပြဌာန်းခဲ့ပြီး အဆိုပါရွေးချယ်ခံရသော စီမံကိန်းများတွင် စက်မှုဝန်ကြီးဌာနမှ အဆိုပြုခဲ့သည့် Seminar on Innovation and Young Entrepreneurship for Regional Development စီမံကိန်း ပါဝင်ခဲ့ပြီး မဲခေါင်ဒေသအတွင်းရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပေါင်း ၆ နိုင်ငံမှ လုပ်ငန်းရှင်များအချင်းချင်း ကွန်ရက်တည်ဆောက်၍ Innovation နှင့်ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံများကို စာတမ်းပြုစု၍ အချင်းချင်းမျှဝေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ❑

## အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) စက်မှုကျွမ်းကျင် ၂ နှစ်သင်တန်း အမှတ်စဉ် (၃၇) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) တွင် ဖွင့်လှစ်ခဲ့သော စက်မှုကျွမ်းကျင် ၂ နှစ် သင်တန်းအမှတ်စဉ် (၃၇) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက်နေ့ နံနက် ၉ နာရီတွင် သင်တန်းကျောင်းရှိ သုံးထပ်စာသင်ဆောင်စုဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားရာ၌ အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) အနေဖြင့် စက်မှုကျွမ်းကျင် ၂ နှစ် သင်တန်းအမှတ်စဉ် (၃၇) ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင်စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလ ၂ နှစ်အတွင်း ဘာသာရပ် ၇ မျိုးကို စာတွေ့/လက်တွေ့သင်ကြားအောင်မြင်ခဲ့ကြသည့် သင်တန်းသား/သင်တန်းသူ ၁၅၁ ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) အနေဖြင့် သင်တန်းအမှတ်စဉ် (၁) မှ (၃၇) အထိ သင်တန်းသား/သင်တန်းသူ ၄,၄၄၉ ဦးအား လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်မှာ တည်ငြိမ်အေးချမ်းမှုလိုအပ်သကဲ့သို့ နိုင်ငံသားများကလည်း အသိပညာ၊ အတတ်ပညာများကြွယ်ဝရန် လိုအပ်ကြောင်း၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းပညာ တိုးတက်မှုသာ နိုင်ငံသူနိုင်ငံသားများ၏ဘဝ အခြေအနေ တိုးတက်မှာဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် အသက်မွေးဝမ်းကျောင်းပညာ၏ အခန်းကဏ္ဍသည် တစ်နေ့ထက်တစ်နေ့ ပိုမိုအရေးပါလာပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင် စံပြဆုရရှိသူသင်တန်းသားအား ဆုချီးမြှင့်စဉ်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ယင်းသင်တန်းကျောင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဂျာမနီနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) မှ တာဝန်ရှိသူများ၊ ပြည်ခရိုင်နှင့်ပန်းတောင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပန်းတောင်းစက်မှုနယ်မြေရှိ စက်ရုံများမှ စက်ရုံမှူးများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်နှင့်ဆရာ/ဆရာမများ၊ သင်တန်းဆင်း သင်တန်းသား ၁၃၄ ဦး၊ သင်တန်းသူ ၁၇ ဦးနှင့်၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## Pollution Control Manager (PCM) System Workshop ကျင်းပ

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (Ministry of Economy, Trade and Industry- METI), Japan Environmental Management Association for Industry (JEMAI) တို့ပူးပေါင်း၍ ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်သည့် Myanmar and Japan Bilateral Cooperation in FY 2019 on Development of Pollution Control Project အရ မြန်မာနိုင်ငံတွင် Pollution Control Manager (PCM) System နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၁၁ ရက်နေ့က စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ METI နှင့် JEMAI မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ အကောင်အထည်ဖော်နေမှုများကို ဆွေးနွေးတင်ပြပြီး ဂျပန်နိုင်ငံဘက်မှလည်း ၁၉၆၀ ခုနှစ် မှ ၁၉၇၀ ခုနှစ်များတွင် စက်ရုံအလုပ်ရုံများမှထွက်ရှိသော အညစ်အကြေးများအား ပတ်ဝန်းကျင်သို့ တိုက်ရိုက်စွန့်ပစ်မှုကြောင့် လူနှင့်ပတ်ဝန်းကျင်များအား ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၇၁ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော The Law of Pollution Control Manager (PCM) System ကြောင့် Pollution ဖြစ်မှုအား လျှော့ချဆောင်ရွက်နိုင်ပုံ၊ PCM System အတွက် စက်ရုံအမျိုးအစားခွဲခြားဆောင်ရွက်ပုံ၊ PCM ၏ တာဝန်သတ်မှတ်ထားပုံ၊ PCM အတွက် Standard Text Book များ ထုတ်ဝေထားပုံ စသည်တို့ကိုဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဆွေးနွေးပွဲအားရုပ်သိမ်းခဲ့ကြောင်းသိရသည်။



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

# သီတင်းကျွတ်တော့မည်

**သီတင်းကျွတ်တော့မည်။**

ဘာကြောင့်မှန်းမသိ၊ သည်နှစ်တွင် မကြာမီကျရောက်လာတော့မည့် သီတင်းကျွတ်ပွဲတော်အတွက် ကျွန်တော်စိတ်လှုပ်ရှားရင်ခုန်နေမိသည်။ တကယ်တော့ ရင်ခုန်စိတ်လှုပ်ရှားစရာရယ်လို့ မယ်မယ်ရရမရှိပါဘဲ ကျွန်တော်ဘာကြောင့်ရင်ခုန်နေရပါသနည်း။

ကျွန်တော့်ဘဝမှာ လပြည့်ညပေါင်းများစွာကို အကြိမ်ကြိမ်ဖြတ်သန်းခဲ့ဖူးပါသည်။ လပြည့်ညတွေမှာ ရွှန်းရွှန်းမြမြသာတတ်သော လမင်းကြီးကို တစ်ခါတရံစိတ်လိုလက်ရ အေးအေးဆေးဆေးငေးရင်း ကြည်နူးမိန်းမောဖူးသည့် ညတွေရှိခဲ့သလို တစ်ခါတရံတော့ မသိလိုက်မသိဘာသာဘဲ ဖြတ်သန်းသွားခဲ့သောညတွေလည်း ရှိပါသည်။ မည်သို့ဖြစ်စေ ထိုလပြည့်ညပေါင်းများစွာက ကျွန်တော့်ဘဝမှာ စာအုပ်တစ်အုပ်နှင့်လက်ဖက်ရည်တစ်ခွက်ကလွဲ၍ ကျန်တာဘာမှမရှိခဲ့။ အကုန် ဆောင်းအကူးကာလဖြစ်သည့်အတွက် တစ်ခါတရံကံမကောင်းအကြောင်းမလှစွာ မိုးရွာသည့်အချိန်နှင့်ကြုံချင်ကြုံရတတ်သည်။)

ဟိုစဉ်က သီတင်းကျွတ်လပြည့်ညတွေမှာ ကလေးပီပီရောင်စုံဆီမီးထွန်းရတာကို အင်မတန်နှစ်သက်သဘောကျခဲ့သည်။ တချို့တတ်နိုင်သည့်မိဘတွေက ဆီမီးထွန်းရာတွင် လှပစွာဒီဇိုင်းဖော်ထားသော ရောင်စုံမီးပုံးလေးတွေချိတ်ဆွဲပြီး ထွန်းညှိပူဇော်ကြသည်။ ကျွန်တော်တို့ကတော့ ရိုးရိုးဆီမီးခွက်ကလေးနဲ့ပဲ ဖယောင်းတိုင်ထွန်းပြီး အိမ်ပတ်ပတ်လည်တွင် ထားပူဇော်ကြသည်။ ပြီးတော့ ကျွန်တော်တို့အိမ်ရှေ့ ရေမြောင်းပေါင်ပေါ်၊ အိမ်ထဲက အုတ်ကန်ပေါင်ပေါ်တွင်လည်း ထွန်းသည်။ ပြတင်းပေါက်ပေါင်ပေါ်တွင်လည်း ထွန်းသည်။ သစ်ပင်ခွကြားထဲတွင်လည်း ထွန်းချင်ထွန်းသေးတာ။ အိမ်ပတ်ပတ်လည် ဟိုနေရာသည်နေရာမှာ ဖယောင်းတိုင်မီးလေးတွေထွန်းတစ်စီးနဲ့ ရပ်ကွက်တကာလှည့်ပြီး မီးရောင်စုံတွေနဲ့ လှပသောညကို လိုက်လံကြည့်ရှု ခံစားကြသည်။ လပြည့်ည၏ ဝိုင်းစက်စက်လမင်းကြီးကလည်း အရှေ့ကောင်းကင်ကနေ တဖြည်းဖြည်းတက်လာတာ မြင်ရပြီဆိုလျှင် ထိုညသည် အလွန်လှပသာယာပြီး အေးမြသောညဖြစ်သွားပြီ။

ထို့နောက်မှာတော့ ကျွန်တော်တို့အားလုံး ရပ်ကွက်ဓမ္မာရုံရှိရာဆီသို့ ပြေးကြသည်။ လမ်းတစ်လျှောက်မှာလည်း ဓမ္မာရုံဆီသို့ဦးတည်သွားနေသည့်လူတွေနဲ့ စည်ကားနေသည်။ ကျွန်တော်တို့ငယ်စဉ်က သီတင်းကျွတ်လပြည့်ညရောက်တိုင်း မိုးအလင်းဗီဒီယိုကားတွေ ပြတတ်သည်။ ရပ်ရှင်ဝါသနာအိုးပီပီ သည်လိုအချိန်တွေကို လက်ချိုးရေတွက်စောင့်ခဲ့ရသည်။ သီတင်းကျွတ်မရောက်ခင်ကတည်းက ဓမ္မာရုံမှာ ဘာဇာတ်ကားတွေ ပြမှာလဲဆိုပြီး စုံစမ်းရတာအလုပ်တစ်ခုဖြစ်ခဲ့သည်။ တစ်ခါတလေတော့လည်း ကိုယ်ကြည့်ချင်တဲ့ကား (ဗီဒီယိုရုံမှာ သွားမကြည့်လိုက်ရသည့်



ကား) တွေကိုပြဖို့ တောင်းဆိုတတ်သေးသည်။ ရပ်ကွက်ဓမ္မာရုံမှာ တစ်ည ၄ ကားနှုန်းနဲ့ ၂ ရက်အထိ ပြသသည်။ သို့သော် ကျွန်တော့်အနေနှင့်ဘယ်တုန်းကမှ မိုးအလင်းထိအောင် မကြည့်ခဲ့ရပေ။ ညဦးပိုင်းက ပြသသည့်ဇာတ်ကား ၂ ကားသာကြည့်ပြီး အိမ်ကိုမပြန်ချင်ဘဲ ပြန်ခဲ့ရချည်းသာဖြစ်သည်။ အိမ်ရောက်သည့်အခါမှာတော့ ဓမ္မာရုံနဲ့သိပ်မဝေးလှသည့် ကျွန်တော်တို့အိမ်ကလေးကနေ ဗီဒီယိုပြစက်ကအသံတွေကို နားစွင့်ပြီး ညအိပ်ရာဝင်ခဲ့ရ

သည်။

ထိုညတွေက ကျွန်တော့်အတွက် တော့ပျော်စရာ၊ လွတ်လပ်သန့်စင်သော ညတွေဖြစ်ခဲ့သည်။ အဲသည်ညတွေမှာ စိတ်လွတ်ကိုယ်လွတ်ပျော်ခဲ့ရတာမျိုး အခုအချိန်မှာမရှိတော့။ အဲသည့်အချိန်တွေတုန်းက ဓမ္မာရုံရှေ့မြေကွက်လပ်မှာ ကလေး၊ လူကြီး အရွယ်စုံဗီဒီယိုကြည့်ဖို့ ညနေစောင်းကတည်းက လာပြီးနေရာဦးရင်း စကားတွေရောက်တတ်ရာရာ ပြောကြဆိုကြ၊ ဈေးရောင်းလာကြသည့် ဈေးသည်တွေဆီက မုန့်ဝယ်စားကြရင်း လွတ်လပ်ကျယ်ပြောသော မိုးကောင်းကင်အောက်မှာ အတူတူရှိခဲ့ဖူးသည်။

အခုတော့ သီတင်းကျွတ်ညတွေမှာ အရင်လိုရပ်ကွက်ဓမ္မာရုံမှာ ဗီဒီယိုဇာတ်ကားတွေ မပြတော့။ လူတွေလည်း စုစုစည်းစည်းမရှိကြတော့။ အရင်က တစ်ညီတည်းသောမြေပြင်ပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် တိုးဝှေ့တွန်းတိုက်ဖက်တွယ်ထိုင်ရင်း ကြည့်ခဲ့ကြသည့်အချိန်တွေလည်း ကုန်ဆုံးသွားခဲ့သည်။ သီတင်းကျွတ်ည၏မိုးကောင်းကင်မှာလည်း မီးပုံးပျံတွေ သိပ်မတွေ့ရတော့။ အခုနှစ် သီတင်းကျွတ်ညကရော . . . ။

ပြန်မရနိုင်တော့သည့် ကလေးဘဝရဲ့ သီတင်းကျွတ်ညတစ်ညကို ကျွန်တော်လွမ်းမိ၊ ရင်ခုန်နေမိခြင်းဖြစ်ပါလိမ့်မည်။ **ခင်မောင်ထူး**

# ဝါကျွတ်ကန်တော့ပန်း



- မိုးကောင်းကင်မှာ ကြယ်တွေဖြာ
  လမင်းထိန်ထိန်သာ
  အိမ်ရှေ့ဆီမှာ စွယ်တော်ပန်း
  မီးပုံးရောင်စုံတန်း။
- ဗုဒ္ဓမှန်းလို့ မီးပူဇော်
  ဝါကျွတ်အခါတော်
  ရှိခိုးကော်ရော် ဦးညွတ်တွား
  နာယူမြတ်တရား။
- ဘိုးဘွားမိဘထေရ်ဆရာ
  ဦးခိုက်ကန်တော့ကာ
  ယဉ်ကျေးလိမ္မာရှိစေရေး
  ဆုံးမသွန်သင်ပေး။
- ဘိုးဘေးတို့ရဲ့ မြတ်အမွေ
  ရှင်သန်ပွံ့ဖြိုးစေ
  ကမ္ဘာအရှည်တည်အောင်ပ
  ဆက်ခံထိန်းသိမ်းကြ။

*မောင်ထည်ဝါ (ပျော်ဘွယ်)*

လပြည့်ညပေါင်းများစွာတွင် ကျွန်တော်အနှစ်သက်ဆုံးနှင့် မှတ်မှတ်ရရအရှိဆုံးမှာ သီတင်းကျွတ်လပြည့်ညပင်ဖြစ်သည်။ ထိုလပြည့်ည၏ရာသီဥတုမှာ မည်သို့ပြောရမည်မှန်းမသိအောင် ကောင်းမွန်ကြည်လင်လှပသာယာသောညဖြစ်သည်။ ထိုညမှာရဖူးသည့်ရနံ့ကို ကျွန်တော်စာမဖွဲ့တတ်ပါ။ သို့သော် သည်အချိန်၊ သည်ကာလ၊ သည်အဆင်း၊ သည်ရနံ့ကိုရလျှင် ဒါသီတင်းကျွတ်ပြီပဲဟု ကျွန်တော် တစ်ထစ်ချပြောနိုင်ပါသည်။ (သီတင်းကျွတ်လသည် မိုးထားတော့ အိမ်လေးက မီးရောင်တလက်လက်နဲ့ ထွန်းလက်လှပနေသည်။ ကိုယ့်အိမ်ကိုကြည့်ပြီး တစ်မျိုးကြည်နူးပီတိဖြစ်ရုံသာမက အိမ်တိုင်းအိမ်တိုင်း ဖယောင်းတိုင်မီးတလက်လက် ထွန်းနေတာကိုကြည့်ပြီး ပျော်ရကြည်နူးရသည်။

မြို့၏ညကောင်းကင်မှာ မီးပုံးပျံတွေတစ်လုံးပြီးတစ်လုံး တက်လာတာကိုလည်း အိမ်အပြင်ထွက်ကြည့်ပြီး ရေတွက်ကြည့်ခဲ့ကြသည်။ ကိုယ့်အိမ်ထဲမှာ မီးကျည်ဖောက်ကြ၊ မီးရှူးမီးပန်းလွှတ်ကြပြီးနောက် စက်ဘီးလေး

## အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွေ့လျားသင်တန်း အမှတ်စဉ် (၅/၂၀၁၉) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရတို့ပူးပေါင်း၍ ကချင်ပြည်နယ်၊ ရွှေကူမြို့၊ မြို့တော်ခန်းမ၌ အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွေ့လျားသင်တန်းအမှတ်စဉ် (၅/၂၀၁၉) ကို ဩဂုတ်လ ၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရက်သတ္တ ၄ ပတ်ကြာဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး ဦးဝင်းညွန့်နှင့် ရွှေကူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းတို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဌာနမှူးနှင့်အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းဆရာ/ဆရာမများနှင့်သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းသို့ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၈ မြို့နယ်မှ သင်တန်းသား/သင်တန်းသူ ၁၄၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်သည်။

အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွေ့လျားသင်တန်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ တည်ဆောက်ပြီးသော ဓာတ်အားလိုင်းများအား ထိန်းသိမ်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်အသုံးပြုသောလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မျှော်မှန်းပြီးဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

❏



## ‘စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း’ အမှတ်စဉ် (၁၀၈) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြီး အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) က တာဝန်ယူဖွင့်လှစ်ခဲ့သည့် ‘စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်း’ အမှတ်စဉ် (၁၀၈) ***‘အခြေခံအိမ်သုံးလျှပ်စစ်ဝါယာသွယ်တန်းခြင်း’*** သင်တန်းဆင်းပွဲအခမ်းအနားကို အောင်လံမြို့နယ်၊ မိုးကောင်းကျေးရွာ၊ ဓမ္မာရုံတွင် စက်တင်ဘာလ ၇ ရက်နေ့ နေ့လယ် ၁ နာရီ၌ကျင်းပပြုလုပ်ခဲ့ရာ အောင်လံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းသန်းနှင့်အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဦးသန့်ဇင်တို့ တက်ရောက်သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

ထို့နောက် ထူးချွန်ဆုရရှိသူများအား ဧည့်သည်တော်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းအုပ်ကြီး ဦးသန့်ဇင်က သင်တန်းသားကိုယ်စားလှယ် တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အခမ်းအနားပြီးချိန်တွင် ဧည့်သည်တော်များသည် သင်တန်းသားများ၏ သင်တန်းဆင်းစွမ်းဆောင်ရည်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

သင်တန်းသို့ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၆ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် သုံးစွဲမှုမြင့်မားလာချိန်တွင် ကျေးလက်နှင့် ဆင်ခြေဖုံးဒေသများအတွက် လျှပ်စစ်ကျွမ်းကျင်လုပ်သားများအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးရည်ရွယ်၍ သင်တန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

❏






မျက်နှာဖုံးမှ-

## ‘2019 JOB FAIR’ အလုပ်အကိုင် အခွင့်အလမ်းရှာဖွေပွဲကျင်းပ

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့်မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ‘2019 JOB FAIR’ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေ





ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၃ ရက်နေ့၊ နံနက် ၉ နာရီတွင် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ၌ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်နှင့်စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနမှ ညွှန်ကြားရေးမှူးတို့က အမှာစကားများအသီးသီးပြောကြားခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်က JOB FAIR ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) မှ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ GIZ မှတာဝန်ရှိသူတစ်ဦးက ဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်နေသည့်အခြေအနေများကိုလည်းကောင်း၊ ကုမ္ပဏီ/လုပ်ငန်းရှင်များက ၎င်းတို့၏လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

နေ့လယ်ပိုင်းတွင် လုပ်ငန်းရှင်များနှင့်အလုပ်လျှောက်ထားမည့် သင်တန်းသား/သင်တန်းသူများသည် အလုပ်လျှောက်ထားခြင်း၊ အင်တာဗျူးပြုလုပ်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး မန္တလေးတိုင်းအလုပ်သမားရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက အလုပ်သမားမှတ်ပုံတင်ကိစ္စများ ဆောင်ရွက်ပေးခြင်းတို့ကို တစ်နေရာတည်းတွင်တစ်ချိန်တည်း (One Stop Service) အစီအစဉ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




တကယ်တမ်းတော့ ကျွန်တော်က ကဗျာခံစားမှုအာရုံသိပ်ရှိခဲ့တာမဟုတ်။ ကဗျာတွေလည်း များများစားစားဖတ်ခဲ့တာမရှိပါ။ သို့သော် ကဗျာကိုတော့ ကျွန်တော်ချစ်သည်။ ကဗျာမှာတွေ့ရသည့် စကားလုံးအလှတရားနှင့် အဖွဲ့အနွဲ့ရသကို နှစ်သက်မက်မောမိသည်။ ကဗျာတွေဖတ်ပြီး ကဗျာရေးချင်စိတ်ဖြစ်လာသဖြင့် ကဗျာတိုကဗျာစတွေ ကျွန်တော်ရေးခဲ့ဖူးပါသည်။ သို့သော် ကဗျာတစ်ပုဒ်ရယ်ဟု ပီပီသသကောင်းကောင်းမွန်မွန်ဖြစ်မလာခဲ့ပါ။ ကဗျာမည်ကာမတ္တ သဘောသာဖြစ်သည်။ ကျွန်တော့်ကဗျာတွေက ကဗျာမမြောက်ဘူးဟု အမြဲတမ်းစိတ်ညစ်ခဲ့ဖူးသည်။ ကဗျာတွေရေးပြီး ကျွန်တော့်ကိုယ်ကျွန်တော် မကျေနပ်။ သည်ကတည်းက ကျွန်တော့်မှာ ကဗျာခံစားမှုအာရုံကောင်းကောင်းမရှိဘူးဟု ထင်ခဲ့တာပဲဖြစ်သည်။ သို့သော်ကဗျာတွေတော့ရေးသည်။ ကဗျာမပီစာမမည်သည့်ကဗျာတွေ ဟိုတစ်စ သည်တစ်စ စာအုပ်ထဲမှာရေးခဲ့သည်။ ငယ်စဉ်ဆယ်ကျော်သက်အရွယ်က ရေးခဲ့တာတွေဖြစ်သည်။

ဆယ်ကျော်သက်အရွယ်က ကဗျာဖတ်ရင်အချစ်ကဗျာလေးတွေဖတ်ရတာ ပိုပြီးနှစ်သက်သဘောကျမိသည်။ အချစ်ကဗျာအများစုမှာ နူးညံ့သိမ်မွေ့လှပသောစကားလုံးတွေနဲ့ တန်ဆာဆင်ဖွဲ့နွဲ့ကြတာများပါသည်။ အခြားသောသူတွေလည်း ဆယ်ကျော်သက်အရွယ်မှာပင် အချစ်ကဗျာတွေဖတ်ခဲ့ပြီး စိတ်ကူးယဉ်ရင်ခုန်ခဲ့ဖူးကြပါလိမ့်မည်။

ဝတ္ထုတွေမဖတ်တတ်သေးခင် ခုနစ်တန်းကျောင်းသားအရွယ်လောက်က ကျွန်တော့်ဘေးက အတန်းဖော်ကျောင်းသားတစ်ယောက်ရဲ့စာအုပ်နောက်ကျောမှာ ကဗျာတစ်ပုဒ်ကိုစတင်ဖတ်ခဲ့ရသည်-

***တစ်ပင်တည်း***
***ရင်ထဲကနွယ်***
***ခက်ညွန့်သန်နုသစ်လို့***
***ရစ်ပတ်နှောင်တွယ် . . .။***
***သံယောဇဉ်ဆိုတာရယ်***
***နွယ်ကလေးတစ်ပင်ပေါ့ . . .။***
***ရာသီတွေ ဘယ်လိုပြောင်းပေမယ့်***
***ခေါင်းထောင်လို့ ကြွေ့ . . .။***

အဲသည့်အချိန်တုန်းက မောင်စိန်ဝင်း (ပုတီးကုန်း) ဆိုတာကို ကျွန်တော်မသိသေးပါ။ သို့သော် 'တစ်ပင်တည်းရင်ထဲကနွယ်' ဆိုသော ကဗျာစာသားလေးကို စွဲငြိသွားသည်။ ရွတ်ရင်းရွတ်ရင်း ကျွန်တော်သဘောပေါက်လိုက်မိသည်။ ကျွန်တော့်သူငယ်ချင်းကြိုက်နေတဲ့ အတန်းထဲက ကောင်မလေးနာမည်မှာ 'နွယ်' ပါတာကိုး။

နောက်တော့ မောင်စိန်ဝင်း (ပုတီးကုန်း)၊ မောင်လှမျိုး (ချင်းချောင်းခြံ) ဝတ္ထုတွေဖတ်ပြီး ဝတ္ထုထဲက ကဗျာတွေကိုစာအုပ်တစ်အုပ်ထဲ ကူးရေးတတ်လာခဲ့သည်။ အဲသည့်အချိန်တုန်းက ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) ၏ ကျော်ကြားလှသော 'သောကခြေရာရတနာ' ကဗျာစာအုပ်ကို ဖတ်ချင်လှသဖြင့် စာအုပ်ဆိုင်သွားပြီး ငှားဖတ်ရာမှအပိုင်လိုချင်စိတ်ဖြစ်ခဲ့ဖူးသည်။ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) ၏အချစ်ကဗျာတွေ ဘယ်လောက်တောင်နာမည်ကြီးသလဲဆိုရင် ခင်မောင်တိုးကတောင် ကဗျာကိုသီချင်းသီဆိုယူရသည်။ သိမ်မွေ့လှပသောကဗျာကို ဂီတသံစဉ်ထည့်ပြီး သီချင်းတစ်ပုဒ်ဖြစ်အောင်ဖန်တီးလိုက်တော့ ပြည့်စုံကောင်းမွန်သော အနုပညာတစ်ခုဖြစ်သွားသည်။

အဲ့သည့်အချိန်တုန်းက ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၏ ကဗျာတွေဖတ်ပြီး စိတ်တွေအင်မတန်နူးညံ့သိမ်မွေ့ပြီး အချစ်နဲ့ပတ်သက်လာရင် ဘယ်အရာမဆိုခွင့်လွှတ်တဲ့စိတ်ကြီးမားခဲ့ဖူးသည်။

***အချစ်ဦး***
***တစ်သက်တစ်ခါ တစ်လွှာတစ်ရွက်***
***တစ်ခက်တစ်ပွင့် ငုံအဆင့်မို့***
***ရင့်လို့ပဲ ဝါဝါ***
***ညှာတံပဲ ပြုတ်ပြုတ်***
***ဖြုတ်ခနဲပဲ ကြွေကြွေ***
***မြေမှာပဲ ရောက်ရောက်***
***ဖွဖွလေးကောက်လို့***
***ပန်းခြောက်ကလေးပဲ မြတ်နိုးမယ်။***

ငယ်ရွယ်သောသူရဲ့ စိတ်နှလုံးဟာ အင်မတန်နူးညံ့ဖြူစင်လှပတာမို့ ကဗျာရသခံစားမှုနဲ့ ပေါင်းလိုက်တဲ့အခါမှာတော့ အဲသည့်စိတ်ဟာ မြင့်မြတ်သန့်စင်သည့်စိတ်ဖြစ်သွားပါတော့သည်။

တချို့သော အချစ်ကဗျာတွေကတော့ အချစ်နှင့်ပတ်သက်သည့်ထားသင့်ထားအပ်သော စိတ်နေစိတ်ထားကိုလည်း ညွှန်ပြပေးတတ်ပါသည်။

***ဆောင်း***
***တွေ့ခွင့်မကြုံ***
***ဆုံခွင့်မရ***
***ဘဝခြင်းတွေ***
***ဘယ်လိုပင် ဝေးစေဦးတော့***
***သူရှိနေသည်***
***ဒီအသိလေးနဲ့သာ***
***အရင်ကလည်း***
***နေတတ်ဖူးခဲ့တာမို့***
***နောင်လည်း နေတတ်ဦးမှာလေ။***

သို့သော် အခုအချိန်မှာတော့ ငယ်စဉ်ကသိပ်ပြီး မခံစားတတ်ခဲ့ဘဲ ဝေ့လည်ကြောင်ပတ်ဖြစ်နေတဲ့ ကဗျာတစ်ပုဒ်ကိုတော့ ရင်ထိစွဲငြိအောင် တစ်သက်သက်ရွတ်နေမိတော့သည်။ ထိုကဗျာကလည်း ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) ၏ကဗျာပဲဖြစ်ပါသည်။

***ခပ်စိမ်းစိမ်းနေပါ့မယ်***
***သံယောဇဉ်အမျှင်တန်းကို***
***ရှင်ခန်းဘယ်သူဖြတ်နိုင်ပါ့***
***ပူတတ်သူ တစ်သက်လွမ်းရော့လို့***
***လက်ကမ်းကာ ဝေဒနာမမျှချင်လည်း***
***ဘဝနွေ 'အနုသယ' တောမှာ***
***'သမုဒယအမော' တစ်ဇာတ်သိမ်းအောင်***
***'အခုတော့' ခပ်စိမ်းစိမ်းနေပါ့မယ်။***

ဆယ်ကျော်သက်အရွယ်လွန်မှ ဖတ်ခဲ့ရသော်လည်း ဖတ်ရသည့်အခါတိုင်း စိတ်ထဲထိထိခိုက်ခိုက်ခံစားရသောကဗျာမှာ ဆရာမင်းသုဝဏ်၏ 'သခင်' ကဗျာဖြစ်သည်။

***သခင်***
***အိပ်မက်၌ပင်***
***စိမ်းရုပ်ဆင်သည်***
***သခင်မုန်းနိုင်ဘိ၏တကား . . .။***

**မင်းညတာရာ**

PRESIDENT OFFICE
THE REPUBLIC OF THE UNION OF MYANMAR
မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန

**'လုံခြုံစိတ်ချ - သတင်းပေးကြ'**

*၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထဲမှပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် 'မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန' ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂. ၆. ၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။*

*၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့်တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့် အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-*

*ဆက်သွယ်ရန်-*
*အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀*
*ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃*
*အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm*

စက်မှုအလင်း ဂျာနယ်
Beacon of Industry Journal

အကြံပေး
ဒေါ်ခင်မာရီ

စာတည်းမှူးချုပ်
ဦးကျော်လှိုင်

ဒုတိယစာတည်းမှူးချုပ်
ဦးနိုင်ဇော်ဝင်း

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
ဦးဟိန်းမင်းဇော

စာမျက်နှာအပြင်အဆင်
ဒေါ်ခင်သီတာမိုး

ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

ထုတ်ဝေသူ
ဦးကျော်လှိုင်
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် −၀၀၅၀၁

ပုံနှိပ်သူ/ပုံနှိပ်တိုက်
ဒေါ်မြင့်မြင့်တင်
မြသိင်္ဂီအော့ဖ်ဆက် (၁) (၀၀၂၆၅)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဆောင်ရေ − ၆၅၀၀

ဂျာနယ်တိုက်လိပ်စာ
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း − ၀၆၇ − ၃၄၀၅၀၅၇
ရန်ကုန်
ဖုန်း − ၀၉ − ၄၄၉၀၀၃၅၁၆
၀၉ − ၇၇၀၀၄၇၆၅၉


E-mail
beaconofindustry@gmail.com

## စာမူနှင့်သတင်းများဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာ များနှင့်စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@ gmail.com သို့လည်းကောင်းပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

စက်မှုအလင်းဂျာနယ်

# ထိုင်းပုစွန်တင်သွင်းမှုတားဆီးလိုဟု ပုစွန်အသင်းကပြော



မြန်မာနိုင်ငံက ထိုင်းနိုင်ငံထံမှ ပုစွန်သားပေါက်တင်သွင်းနေခြင်းကို ငါးလုပ်ငန်းဦးစီးဌာနက တားဆီးရန် လိုအပ်ပြီး ဆက်လက်တင်သွင်းနေပါက မြန်မာ့ပုစွန်မျိုးများ ဈေးကွက်တွင် ပျောက်ဆုံးသွားမည်ဟု မြန်မာနိုင်ငံပုစွန်ထုတ်လုပ်သူများအသင်းက ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် မြန်မာ့ရေချိုပုစွန်ထုတ်လုပ်မှု လျော့နည်းခဲ့ပြီးနောက် ထိုင်းနိုင်ငံမှရေချိုပုစွန်သားပေါက်များကို မြန်မာနိုင်ငံသို့တင်သွင်းလာခြင်းဖြစ်သည်။ လက်ရှိတွင် ပြည်တွင်းရေချိုပုစွန်သားဖောက်စခန်းအားလုံးနီးပါးက ပုစွန်မွေးမြူသူများ၏သားပေါက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီဖြစ်၍ ထိုင်းပုစွန်သားပေါက်များအား ဆက်လက်တင်သွင်းပါက ပြည်တွင်းပုစွန်မျိုးစိတ်များ ဈေးကွက်တွင်ပျောက်ကွယ်သွားမည်ဟု ၎င်းအသင်းကဆိုသည်။

ထိုင်းရေချိုပုစွန်သားပေါက်တစ်ကောင်လျှင် ၁၄ ကျပ်ဈေးနှုန်းရရှိပြီး မြန်မာရေချိုပုစွန်သားပေါက်ဈေးနှုန်းမှာ တစ်ကောင်လျှင် ၁၀ ကျပ်ဖြစ်သော်လည်း ဝယ်လိုအား ကျဆင်းနေသဖြင့် ပြည်တွင်းရေချိုပုစွန်သားဖောက်လုပ်ငန်းများ အခက်တွေ့နေကြရသည်။

မြန်မာနိုင်ငံတွင် ပုစွန်မွေးမြူရေးကန် ဧက ၂ သိန်းဝန်းကျင်ရှိသည့်အနက် ရေချိုပုစွန်မွေးကန် ဧက ၂၀,၀၀၀ ခန့်သာရှိပြီး ကျန်ကန်များမှာ ရေငန်ပုစွန်ကန်များဖြစ်သည်။ ရေချိုပုစွန်ကန်များအား တွံတေး၊ ညောင်တုန်း၊ ခရမ်း၊ ထန်းတစ်ပင်နှင့် မအူပင်မြို့နယ်များတွင် အဓိက မွေးမြူပြီး ပဲခူးတိုင်းဒေသကြီးတွင်လည်း အနည်းငယ်မွေးမြူကြောင်း သိရသည်။

**ပန်းချမ်းငယ်**

# မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အိမ်မွေးတိရစ္ဆာန်မွေးမြူခွင့် မှတ်ပုံတင်ပြုလုပ်ပေးမည်

**မောင်ပြည်သူ (မန္တလေး)**



မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း နေအိမ်များတွင် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များ စနစ်တကျမွေးမြူနိုင်ရန်အတွက် အိမ်မွေးတိရစ္ဆာန်မွေးမြူခွင့် မှတ်ပုံတင်များကို မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနက ပြုလုပ်ပေးသွားမည်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ခွေးရူးရောဂါကာကွယ်နိုင်ရေးနှင့် အများပြည်သူကို အန္တရာယ်ဖြစ်စေသော လေလွင့်ခွေးများရှင်းလင်းရာတွင် အိမ်မွေးခွေးများ ပါမသွားစေရန်အတွက် မွေးမြူထားသောအိမ်မွေးတိရစ္ဆာန်များကို မှတ်ပုံတင်ပြုလုပ်ပေးခြင်းဖြစ်သည်။

အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ကာ အိမ်မွေးတိရစ္ဆာန်များမွေးမြူခွင့် မှတ်ပုံတင်ခြင်းများကို မြို့တော်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများတွင် ပြုလုပ်ပေးမည်ဖြစ်ပြီး လျှောက်ထားသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မွေးမြူသည့်နေရာ၊ တိရစ္ဆာန်အမျိုးအစား၊ ကာကွယ်ဆေးထိုးမှတ်တမ်း၊ တိရစ္ဆာန်ဓာတ်ပုံနှင့်အတူ အိမ်မွေးခွေးတစ်ကောင်အတွက် ကျပ် ၅,၀၀၀ ပေးသွင်းပြီး ပြုလုပ်နိုင်သည်။ လိုင်စင်ပြုလုပ်သည့် အိမ်မွေးတိရစ္ဆာန်အတွက် MDY City တံဆိပ်နှင့်ခွေးခေါင်းပုံပါ သတ္တုဆွဲပြားပေးအပ်မည်ဖြစ်ပြီး အဆိုပါလိုင်စင်သည် ထပ်မံသက်တမ်းတိုးရန်မလိုအပ်ဘဲ အိမ်မွေးတိရစ္ဆာန်တစ်သက်စာအတွက်ဖြစ်ကြောင်းသိရသည်။ ❑

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

# လက်သန့်စင်ဆေးအကြောင်း သိကောင်းစရာ

ယခုအချိန်မှာ လူတိုင်းနီးပါးလူမှုကွန်ရက်ကို အသုံးပြုလာကြတဲ့အတွက် ဗဟုသုတကြွယ်ဝလာကြပြီး ရာသီတုတ်ကွေးနဲ့ကူးစက်ရောဂါတွေကို ကာကွယ်နိုင်ဖို့ မိမိရဲ့လက်ကို စင်ကြယ်သန့်ရှင်းအောင် ထားရမယ်ဆိုတာ သိရှိလာကြပြီဖြစ်ပါတယ်။ တစ်ခုခုကို ကိုင်တွယ်ပြီးလို့ စိတ်ထဲမသန့်တဲ့အခါမျိုးနဲ့ အစာမစားမီအချိန်တွေမှာ လက်ကိုသန့်စင်အောင်ဆေးကြောချင်ကြပါတယ်။ ဒီလိုဆေးလိုက်မှလည်း လက်မှာကပ်ပေနေတဲ့ အညစ်အကြေးနဲ့ပိုးမွှားတွေ သန့်စင်သွားပြီး ရောဂါပိုးအန္တရာယ်က ကာကွယ်နိုင်မယ်ဆိုတာ သိလာကြလို့ပါ။

အခုလိုရောဂါပိုးတွေကို ကာကွယ်နိုင်ဖို့ လက်ကိုစင်ကြယ်အောင် ဆေးကြောဖို့ဆိုတာ နေရာတိုင်းမှာမဖြစ်နိုင်ပါဘူး။ အကြောင်းရင်းက ကိုယ်လက်ဆေးချင်တဲ့အချိန်မှာ သန့်စင်တဲ့ရေနဲ့ဆပ်ပြာတွေမရှိရင် ဆေးလို့မရပါဘူး။ ဒါကြောင့် ဘယ်နေရာပဲရောက်ရောက် အချိန်မရွေးလက်ကို သန့်စင်အောင်လုပ်နိုင်ဖို့ လက်သန့်စင်ဆေးရည်လို့ခေါ်တဲ့ Hand Sanitizer ကို ပညာရှင်တွေကစိတ်ကူးပြီး တီထွင်ခဲ့ကြတာပဲဖြစ်ပါတယ်။

တကယ်တော့ ဒီလက်သန့်ဆေးရည်မှာပါတဲ့ အဓိကပစ္စည်းကတော့ အရက်ပြင်း (Alcohol) ပါပဲ။ တော်ရုံရောဂါပိုးမွှားတွေကတော့ အရက်ပြင်း ၇၀ ရာခိုင်နှုန်းမှာ သေနိုင်ကြပါတယ်။ ဒါပေမဲ့ လူတွေရဲ့လက်ကို သန့်စင်မှာဖြစ်တဲ့အတွက် အရက်ပြင်းသီးသန့်နဲ့ပဲ သန့်စင်ဆေးရည်ကို ဖော်စပ်မယ်ဆိုရင် အရေပြားတွေလောင်ပြီး ကြာလာရင်အန္တရာယ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အသုံးပြုပြီးရင် အရေပြားကိုအန္တရာယ်မဖြစ်နိုင်အောင် စဉ်းစားခဲ့ကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ကတော့ အလွယ်ကူဆုံးလက်သန့်စင်ဆေးဖော်စပ်ချင်ရင် အရက်ပြင်း၊ အလှဆီနှင့်ရေ ၃ မျိုးတည်းနဲ့ပြုလုပ်နိုင်ကြောင်း အင်တာနက်မှာဖော်ပြထားပါတယ်။ ဆေးကုမ္ပဏီတွေမှာတော့ ကိုယ့်ရဲ့ထုတ်ကုန်ပစ္စည်းရောင်းအားပိုကောင်းအောင် အရည်ပုံစံ (Liquid Type) အပြင် ချွဲပျစ်သော (Gel Type) ပုံစံမျိုးတွေနဲ့ အမျိုးမျိုး စမ်းသပ်ထုတ်လုပ်နေကြပါတယ်။ ဒီလိုစမ်းသပ်တဲ့အခါမှာလည်း ဈေးကွက်ယှဉ်ပြိုင်မှုရအောင် ဆေးရည်ကိုဖျော်စပ်တဲ့အခါ အခြားဓာတုပစ္စည်းတွေကို အမျိုးမျိုးထည့်သွင်းသုံးစွဲလာကြပါတယ်။ ဒီလိုထည့်သွင်းသုံးစွဲကြတဲ့အခါမှာ အချို့ဓာတုပစ္စည်းတွေက အရက်ပြင်းရဲ့မူလပိုးသတ်နိုင်တဲ့စွမ်းအားအပြင် ထပ်မံပါဝင်တဲ့ ဓာတုပစ္စည်းတွေရဲ့စွမ်းအားနဲ့ ရောဂါပိုးတွေကို ပိုမိုနှိမ်နင်းအောင် သတ်နိုင်တဲ့အစွမ်းရှိကြသလို လက်ရဲ့အရေပြားကို မထိခိုက်စေဘဲ ပိုမိုချောမွတ်သွားစေပါတယ်။ ဒါပေမဲ့အချို့ဓာတုပစ္စည်းတွေကတော့ မူလထည့်ဝင်ထားတဲ့အရက်ပြင်းရဲ့ လုပ်ဆောင်နိုင်တဲ့စွမ်းအားကို လျော့နည်းသွားစေပါတယ်။ အဲဒီအခါမျိုးမှာ လက်သန့်စင်ဆေးရည်ကို အသုံးပြုပေမယ့်လည်း ပိုးမသေတာမျိုးတွေဖြစ်တတ်ပါတယ်။

ဖော်ပြပါဓာတ်ပုံမှာတော့ မြန်မာ့ဆေးဝါးလုပ်ငန်း၊ သုတေသနဌာနကတီထွင်ထုတ်လုပ်ထားတဲ့ ရှားစောင်းလက်ပတ်နဲ့ထုတ်လုပ်ထားတဲ့ သဘာဝလက်သန့်စင်ဆေးရည် (Natural Hand Sanitizer with Aloe Gel) နဲ့ ပြင်ပဈေးကွက်မှာရောင်းချနေတဲ့ လက်သန့်စင်ဆေးရည်တွေရဲ့ အာနိသင်အစွမ်းကိုနှိုင်းယှဉ်ဖို့ ပတ်ဝန်းကျင်မှာလွယ်ကူစွာတွေ့နိုင်တဲ့ ပိုး ၄ မျိုးနဲ့ စမ်းသပ်ထားခြင်းဖြစ်ပါတယ်။

ဓာတ်ပုံတွေထဲမှာ အလယ်ပေါက်ကတော့ Control အနေနဲ့ ဘာဆေးရည်မှမထည့်ထားပါဘူး။ အမှတ်စဉ် (၁) ကတော့ သုတေသနဌာနကတီထွင်ထားတဲ့ လက်သန့်စင်ဆေးရည်ပဲဖြစ်ပါတယ်။ သုတေသနဌာနကထုတ်လုပ်ထားတဲ့ လက်သန့်စင်ဆေးရည်အမှတ် (၁) နဲ့ အခြားပြင်ပကုမ္ပဏီတစ်ခုကထုတ်လုပ်ထားတဲ့ အမှတ်စဉ် (၄) နှစ်ခုစလုံးကတော့ ပုံမှာမြင်တွေ့ရတဲ့အတိုင်း အကြည်ရောင်ဖြစ်သွားတာကို မြင်တွေ့ရမှာပါ။ အဲဒီလိုအကြည်ရောင်ဖြစ်သွားရတာကတော့ ရောဂါပိုးကိုသုတ်သင်နိုင်လို့ပါ။ ဒါကြောင့် အမှတ်စဉ် (၁) နဲ့ (၄) နှစ်ခုကတော့ ပိုး ၄ မျိုးလုံးကို သတ်နိုင်ကြောင်း လေ့လာသိရှိနိုင်မှာဖြစ်ပါတယ်။


ကျန်တဲ့အမှတ်စဉ် (၂)၊ (၃)၊ (၅) နှင့် (၆) ကတော့ လက်ရှိပြင်ပဈေးကွက်မှာရောင်းချနေတဲ့ အခြားလက်သန့်စင်ဆေးရည်တွေပါပဲ။ အမှတ်စဉ် (၅) ကတော့ ပိုးနှစ်မျိုးကိုသာ အနည်းငယ်သတ်နိုင်ပြီး ကျန်တဲ့အမှတ်စဉ် (၂)၊ (၃)၊ (၆) ကတော့ လုံးဝပိုးမသတ်နိုင်တာ တွေ့ရပါတယ်။ ပိုးသတ်နိုင်တဲ့စွမ်းအားကိုလည်း ဇယားကွက်လေးနဲ့ ရှင်းလင်းအောင် ဖော်ပြထားပါတယ်။

ဒါကြောင့် လက်သန့်စင်ဆေးရည်ကို စီးပွားဖြစ်ပြင်ပဈေးကွက်ကို ရောင်းချနေသူများအနေနဲ့ ကိုယ်ဖော်စပ်လိုက်တဲ့ဆေးရည်ရဲ့ အရည်အသွေးက အမှန်တကယ်မိမိသတ်မှတ်ထားတဲ့ အချိန်ကာလအထိ ပိုးသတ်နိုင်တဲ့စွမ်းအားရှိ/မရှိကို Stability Test နဲ့ သေချာစွာစမ်းသပ်စစ်ဆေးသင့်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ အမြတ်အစွန်းရလိုမှုတစ်ခုတည်းကိုသာကြည့်ပြီး ပိုးမွှားတွေမသတ်နိုင်တဲ့ လက်သန့်စင်ဆေးရည်မျိုးကို ရောင်းချတဲ့အတွက် မသိကြဘဲ ဝယ်ယူသုံးစွဲနေကြတဲ့သူတွေအတွက်ကတော့ တကယ့်ကိုအန္တရာယ်များတဲ့ လုပ်ရပ်တစ်ခုပါပဲ။

**သတ္တဝါအားလုံး အန္တရာယ်ခပ်သိမ်းကင်းဝေးနိုင်ကြပါစေလို့ ဆန္ဒပြုရင်း . . .**

***ဒေါက်တာခင်ခင်ထွေး***

ဈေးကွက်အတွင်းရှိ လက်သန့်စင်ဆေးရည်များနှင့် အာနိသင် နှိုင်းယှဉ်စမ်းသပ်ထားသော ဓါတ်ပုံများ




(၁) = သုတေသနဌာနမှ စမ်းသပ်ထုတ်လုပ်ထားသော လက်သန့်စင်ဆေးရည်

(၂)၊ (၃)၊ (၄)၊ (၅)၊(၆) = ဈေးကွက်အတွင်းရှိ လက်သန့်စင်ဆေးရည်များ

ဈေးကွက်အတွင်းရှိ လက်သန့်စင်ဆေးရည်များနှင့် ပိုးသတ်နိုင်စွမ်းအားနှိုင်းယှဉ်စမ်းသပ်ထားသောဇယား

| စဉ် | ပိုးအမည်များ | | | |
|---|---|---|---|---|
| | *Bacillus Subtilis* | *Pseudomonas aeruginosa* | *Bacillus pumilus* | *Escherichia coli* |
| ၁။ | 17 mm | 12 mm | 15 mm | 17 mm |
| ၂။ | - | - | - | - |
| ၃။ | - | - | - | - |
| ၄။ | 19 mm | 17 mm | 18 mm | 20 mm |
| ၅။ | - | - | 11 mm | 11 mm |
| ၆။ | - | - | - | - |

Control Well = 10 mm ဖြစ်သောကြောင့် 10 mm နှင့်အထက် ကြည်လင်သောနေရာကို ပိုးသေသည်ဟု သတ်မှတ်သည်။

( - ) = ပိုးမသေပါ။

( ၁ ) = **သုတေသနဌာနမှ စမ်းသပ်ထုတ်လုပ်ထားသော လက်သန့်စင်ဆေးရည်**

(၂)၊ (၃)၊ (၄)၊ (၅)၊(၆) = **ဈေးကွက်အတွင်းရှိ လက်သန့်စင်ဆေးရည်များ**

# ဥရောပဈေးကွက်သို့ ပြည်တွင်းထုတ်ရွှေဆိုင်း တင်ပို့ရောင်းချရန်စီစဉ်နေ

ပြည်တွင်းမှ ထုတ်လုပ်သော ရွှေဆိုင်းများကို ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချဖို့ ဝင်းရွှေစင်ထိပ်တန်းရွှေဆိုင်းလုပ်ငန်းက ရွှေလက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သည့် အနုပညာပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းစင်တာ (OSSC) ကို တင်ပြလာကြောင်း OSSC အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

လက်ရှိရွှေဆိုင်းများ ပြည်ပတင်ပို့ဖို့တင်ပြလာခြင်းနှင့်ပတ်သက်ပြီး စိစစ်တန်ဖိုးဖြတ်သော အစည်းအဝေးကို စက်တင်ဘာလ ၁၂ ရက်နေ့က မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီ၌ ကျင်းပခဲ့သည်။ OSSC စင်တာ ဖွင့်လှစ်ပြီးနောက် ပထမဆုံးအနေဖြင့် ရွှေဆိုင်းကို ပြည်ပတင်ပို့ဖို့ လာရောက်တင်ပြခြင်းဖြစ်ပြီး ထိုသို့ပြည်တွင်းကထုတ်လုပ်သော ရွှေဆိုင်းများကို ဥရောပဈေးကွက်ကို တင်ပို့နိုင်မည်ဖြစ်ခြင်းကြောင့် ပြည်တွင်းရွှေဆိုင်းလုပ်ငန်းများအတွက် နိုင်ငံတကာဈေးကွက်ရရှိပြီး လုပ်သားများအတွက် အလုပ်အ ကိုင်အခွင့်အလမ်း ပိုမိုများပြားလာနိုင်ကြောင်း ဦးမျိုးမြင့်ကပြောသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီက စတင်ကာ ရွှေလက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်း၊ အသုံးအဆောင်ပစ္စည်းများကို စည်းကမ်းချက်များနှင့်အညီ ပြည်ပကို တရားဝင်တင်ပို့၊ တင်သွင်းခွင့်ပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြည်ပတင်ပို့နိုင်ဖို့အတွက် ရွှေ၊ ရွှေဖြင့်ပြုလုပ်သော လက်ဝတ်ရတနာ ပြည်ပတင်ပို့၊ တင်သွင်းခြင်းကို တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသော OSSC စင်တာကတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

***MMAM***




JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
အရည်အသွေး ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့ဆက်သွယ်စို့...
HOT LINE
09 253008800
အမှတ်(၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22




အောင်သစ္စာဦးအထွေထွေအာမခံ
ကုမ္ပဏီလီမိတက်
Hotline - 09-450450561
09-450450562
09-450450563
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
မန္တလေးရုံးခွဲ
အမှတ်(၁၃၆)၊ (၃၄)လမ်း၊
၈၀X၈၁ကြား၊အောင်နန်းရိပ်သာ
(အရှေ့)၊ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။
ဖုန်း - ၀၂-၆၉၀၄၇၊ ၀၂-၆၉၀၄၈ ။
Fax - ၀၂-၂၃၃၈၅
မကွေးရုံးခွဲ
အမှတ် (၃၀၉) ၊ အဝေရာလမ်း၊
ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့။
ဖုန်း - ၀၆၃ - ၂၈၇၃၁
Fax - ၀၆၃ -၂၈၇၃၂
ရန်ကုန်ရုံးချုပ် -အခန်း (၀၁-၀၄)၊Union Financial Center (UFC) ၊
မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၁၀၃၄၂ ၊ ဖုန်း-၀၁-၈၆၁၀၃၄၅
Fax- ဖုန်း - ၀၁-၈၆၁၀၃၄၃ ၊ ၀၁-၈၆၁၀၃၄၄
Email - aungthitsaooins@gmail.com


20 years
ဆယ်စုနှစ်အဆက်ဆက် မေတ္တာရေစင်လို
NEW V.ROHTO® EYE DROPS
Vitamin B5, B6 တို့အပြင် အမိုင်နိုအက်စစ်နှင့် Sodium Chondroitin Sulfate တို့ပါဝင်တဲ့အတွက် အေးမြကြည်လင်စေပြီး တောက်ပတဲ့မျက်ဝန်းတစ်စုံကို အချိန်အကြာကြီးပိုင်ဆိုင်နိုင်ပြီပေါ့။
မျက်စိညောင်းညာကိုက်ခဲခြင်း၊ မျက်စိနီရဲကျိန်းစပ်ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ မျက်စိယားယံခြင်း၊ မျက်ရည်ခမ်းခြောက်ခြင်းတို့ကို ကာကွယ်ပေးသည့်အပြင် ရေကူးနေစဉ်နှင့် ပြင်ပမှဝင်လာသော အညစ်အကြေး၊ ဖုန်မှုန့်နှင့် ချွေးများကြောင့် ဖြစ်တတ်သော မျက်စိရောဂါများကို ကာကွယ်ရန်သုံးစွဲနိုင်ပါသည်။
မျက်ကပ်မှန်အသုံးပြုရာတွင်လည်း လွယ်ကူချောမွေ့စေပါသည်။
(မျက်ကပ်မှန် အသုံးပြုနေစဉ်အသုံးမပြုရ)
Contains Panthenol
NEW V.ROHTO® EYE DROPS
FOR EYESTRAIN AND CONGESTION
New V-Rohto ကို
ယုံကြည်စွာနဲ့သုံးစွဲခဲ့ကြတာ
ဆယ်စုနှစ်နှစ်စုတိုင်ခဲ့ပါပြီ။
ROHTO OSAKA, JAPAN
Rohto-Mentholatum (Myanmar) Co., Ltd. : အခန်း ၁၁၁၀၊ ၁၁ လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Phone: 01 546304, 01 546305, 01 639037, 09 798 458487
www.facebook.com/vrohtomm www.rohto.com.mm


SEIN MYINT MOH
STEEL TRADING
Deformed Steel Rods
Low carbon steel wire rods
I-Beams
No.517, Mandalay Street, Industrial Zone (1),
South Dagon Township,Yangon, Myanmar.
Tel : 01-8100533, 8100660, 8100661, 590740,
09-5125565, 09-5502775 Fax : 590740
Email : myolwin.net.mm@gmail.com
seinmyintmoh@gmail.com


CK
မုန့်မျိုးစုံထုတ်လုပ်ရေး
Ph:09 250266022, 09 402530826
ပါဝင်သောပစ္စည်းများ - ဂျုံ၊ ကြက်ဥ၊ သကြား၊ ဆီ၊ နို့စိမ်း၊ ပြောင်းမှုန့်
Special Cookies
Special Butter Cake
အမှတ် (၃၅၈)၊ ဇေကမ္ဗာ (၁၁) လမ်း၊ ဇေကမ္ဗာဝင်း ၊ ရန်ကုန်စက်မှုဇုန်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ ။
၀၉-၄၀၂၅၃၀၈၂၆၊ ၀၉-၂၅၀၂၆၆၀၂၂


PPC
Property People Connection
Under Management of Established Company
" PPC Group of Companies " in Singapore
Property Services
Property Management
M & E Services
Cleaning
Security
Renovation Services
Renovation of Existing Building
Painting, Roofing, Flooring, Ceiling
Installation of Electricity & Plumbing
Consultancy Services
Real Estate Services
Leasing, Purchasing & Selling
No.19, 4th Floor (Left Room), Innwa Road,
Kyauk Myaung Gyi Quarter, Tamwe Township, Yangon,
Myanmar. Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com
Website : www.ppcmyr.net


GLOBAL WORLD INSURANCE CO., LTD
GWI
We always with you!
"Responsible Business in GWI"
"ဆိုင်ကယ်အာမခံအစ ဂလိုဘယ်ဝေါ(လ်)က"
ဆိုင်ကယ်မတော်တဆပျောက်ဆုံးခဲ့ရင်တောင် အသစ်တစ်စီး အစားရနိုင်တာမို့
တစ်နှစ်စာအတွက် အနည်းဆုံး ပရီမီယံကြေး ကျပ် – ၃၀၁၀၀/ပေးသွင်းပြီး
အခုပဲဂလိုဘယ်ဝေါ(လ်) မှာဆိုင်ကယ်အာမခံဝယ်ယူထားလိုက်ကြပါ...
Hot line
09 797003004
TAXI
ရန်ကုန် အမှတ် (၆၂) ဗဟိုစီအိမ်ယာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၂၅၀၈-၉


DS Dynamic Switchgear
company limited
N0.134/135,Between 8th St & 9th St,Zay Kabar Industrial Zone,Mingalardon Township,Yangon.
Phone : 09 262 55 00 88,09 262 55 00 99.
E-mail : dynamicswitchgear.17@gmail.com ,Hot-line : 09 730 70 733


PRIME-BOSS
SHARP
Digital Multifunctional System
AR-6020V
Speed - 20 cpm /ppm
A3 Copy, Print & Colour Scan
Productive SOPM, E- Sort
Password Protected User Accounts
Hi Speed PC Connectivity
Cost Efficient Toner Save Mode
A4တစ်ရွက်ခန့်မှန်း Print Cost = 4 ကျပ် ဝန်းကျင်(တိုနာမှန်)
Interactive Display Whiteboard (BIG PAD)
Sharp 50" BIG PAD
PN-50TC1
Full HD 1920 x 1080
Capacitive Touch Technology
Portrait Installation
Face Up Installation
40"/50"/ 60"/70" Available
Think BIG with Sharp's Interactive Whiteboard Touch Monitor
PRIME-BOSS Company Limited
Since 1996
G-7, MGW Tower, Bo Aung Kyaw Street, Botataung Tsp., Yangon.
Phone :01-256508, 256509, 256644 Hot Line : 09 788 888 929
Naypyitaw Ph: 067 421393
Mandalay Ph: 09 444 045 631
pb.sales@primeboss.com
www.facebook.com/primeboss.sharp/



Owned and Managed by:
SHWE GANDAMAR
International Trading Limited
Level-3, Gandamar Wholesale
Corner Of Gandamar & Waizayantar Road, Mayangone Township, Yangon.
Tel: 01-657314,657315,657316,657317,657318
www.gandamarwholesale.com
TRADITIONAL




SPECIAL KEY
Chilli Sauce
Product of Myanmar.
KAMARUT FOOD STUFF FACTORY
Ingredients:
Rice, Chillies, Salt, Garlic, Vinegar, Food colour.Benzoic Acid
Weight 3viss
No. 45, Min Ye Kyaw Swar St., Industrial Zone (7), Hlaing Tharyar Township, Yangon. Ph : 095503845, 095503945, 095127054,09968905575
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ထောက်ခံချက်အမှတ် (စဖ/၁၀၀၁၅/ထလ)




Annawa Trade Park Marine Co.,ltd
Office: NO 104, Yadanar Theingi St,Industrial Zone (7) Hlaing Thar Yar Tsp
Ph :645232,09513 4233. Fax;645189
Email;unnawar@gmail.com




ထ အဘထ
ရှတိုင်းကျန်းမာ
တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေး
အဘထ
စေတနာ
"ထ" အမှတ်တံဆိပ် ရှုဆေး(၂)
နလုံးရောဂါဆေး
အနာဘုရင်လိမ်းဆေး
ဆီးဝမ်းမှန်၊ နက်ကျော်ဆေး
သွက်ချာပါဒ လေငန်းဆေး
ဖြန့်ချိရေး - အမှတ် - ၁၅၀၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၁၆၉၇၁၁၇၊၀၁ ၆၄၇၄၂၈၊၀၉ ၇၃၂၄၂၁၂၇၊၀၉ ၅၀၄၃၅၆၃

## မြန်မာ-ဂျပန်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် ဗြိတိန်ကုန်သည်များအသင်းတို့ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး




မြန်မာ-ဂျပန်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် ဗြိတိန်ကုန်သည်များအသင်းတို့ စီးပွားရေးဆိုင်ရာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို စက်တင်ဘာလ ၂ ရက်နေ့၊ နေ့လယ် ၁ နာရီက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ မင်္ဂလာမန္တလေး Block (1) Unit (6) ရှိ မြန်မာ-ဂျပန်မိတ်ဖက်စီးပွားရေးအသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှ၊ မန္တလေးတိုင်းဒေသကြီး ရွှေကုန်သည်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်း၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် မြန်မာ-ဂျပန်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗြိတိန်ကုန်သည်များအသင်း Chief Executive Officer Mr.Peter Crowhurst က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် စီးပွားရေးကဏ္ဍနှင့်ပညာရေးကဏ္ဍတွင် အထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မြန်မာ-ဂျပန်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် ဗြိတိန်ကုန်သည်ကြီးများအသင်းတို့ စီးပွားရေးနှင့်လူသားအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးအပြန်အလှန်လဲလှယ်ကြကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

## ပထမအကြိမ် ဥရောပရုပ်ရှင်ပွဲတော် မန္တလေးမြို့တွင် ကျင်းပခဲ့



မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးမှကြီးမှူး၍ ပထမအကြိမ် ဥရောပရုပ်ရှင်ပွဲတော် (၂၀၁၉) ကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းရှိ မင်္ဂလာစင်ထရယ်ပွိုင့်ရှိ ရုပ်ရှင်ရုံတွင် စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြသခဲ့သည်။ ပထမအကြိမ်ဥရောပရုပ်ရှင်ပွဲတော်တွင် ဥရောပသမဂ္ဂနိုင်ငံများဖြစ်သော နယ်သာလန်၊ ပြင်သစ်၊ နော်ဝေ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အီတလီ၊ ဂျာမနီနိုင်ငံများမှ ဇာတ်ကားများကို မူလမိခင်နိုင်ငံစကားပြောနှင့် အင်္ဂလိပ်စာတမ်းထိုး ပြသခဲ့သည်။

ဥရောပရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်ကျင်းပခဲ့သည်မှာ (၂၈) ကြိမ်မြောက်ဖြစ်သော်လည်း မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲနေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ တတိယမြောက်နီကိုလပ်ဘုရင်အကြောင်း မှတ်တမ်းရုပ်ရှင်နှင့် ခရီးသွားရုပ်ရှင်ဆန်ဆန်ရောနှောပြသပေးခဲ့သည်။

**မောင်ပြည်သူ (မန္တလေး)**

## မြန်မာကျပ်ငွေဖြင့်ရောင်းချမည့် ပထမအကြိမ်ကျောက်မျက်ရတနာပြပွဲ မန္တလေးမြို့တွင် ကျင်းပမည်

**မောင်ပြည်သူ (မန္တလေး)**



ကျောက်စိမ်းအချောထည်လုပ်ကိုင်နေသူများ ကုန်ကြမ်းလွယ်ကူစွာရရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် မန္တလေးတိုင်းဒေသကြီးအခွန်ဘဏ္ဍာငွေရရှိစေရေး ရည်ရွယ်၍ မြန်မာကျပ်ငွေဖြင့်ရောင်းချမည့် ပထမအကြိမ်ကျောက်မျက်ရတနာပြပွဲကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် မန္တလေးကွန်ဗင်းရှင်းစင်တာအတွင်းတွင် အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရောင်းချမည်ဖြစ်သည်။

ကျောက်မျက်ရောင်းချပွဲတွင် ကချင်ပြည်နယ် ဖားကန့်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးဒေသ ကျောက်စိမ်းမှော်များမှထွက်ရှိသော အရည်အသွေးမီ ကျောက်စိမ်းအရိုင်းတွဲ ၂,၀၀၀ ကျော်ကို ခင်းကျင်းပြသပြီး မြန်မာကျပ်ငွေဖြင့်ရောင်းချပေးမည်ဖြစ်သည်။

မန္တလေးမြို့တွင် ပုတီး၊ လက်ကောက်၊ ချပ်ဝိုင်းကျောက်စိမ်းအချောထည်လုပ်ကိုင်သူများရှိပြီး ယခင်က ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းမှော်များနှင့် နေပြည်တော်ရှိ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ကျောက်မျက်ရတနာပြပွဲများသို့ သွားရောက်ကာ ကုန်ကြမ်းကျောက်စိမ်းအရိုင်းများ သွားရောက်ဝယ်ယူကာလုပ်ကိုင်ကြရသည်။ မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ကျောက်စိမ်းအချောထည်ဝိုင်း နေ့စဉ်ဖွင့်လှစ်ထားပြီး တရုတ်နိုင်ငံမှဝယ်လက်များက အရည်ပွင့်၊ ပုတီးနှင့်ကျောက်စိမ်းလက်ကောက်များ လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

မျက်နှာဖုံးမှ-

## ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာအဆင့်မီငါးပြတိုက်ဖွင့်လှစ်ရန် ဆောင်ရွက်နေ

မြန်မာနိုင်ငံတွင် ပထမဆုံးနိုင်ငံတကာအဆင့်မီ မြန်မာ့ငါးပြတိုက်ကြီးကို ရန်ကုန်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ထဲတွင် ဖွင့်လှစ်သွားနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ငါးပြတိုက်အကျယ်အဝန်းမှာ မြေ ၅ ဧကရှိပြီး မြန်မာနိုင်ငံမြောက်ဖျားဒေသမှ ရေချိုငါးအမျိုးအစားများ၊ ရခိုင်ကမ်းရိုးတန်းပင်လယ်ဒေသရှိ ငါးအမျိုးအစားများ၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ငါးများကိုပြသသွားမည်ဖြစ်ကြောင်း၊ လူတန်းစားမရွေးကြည့်ရှုနိုင်ရန် ဝင်ကြေးဈေးနှုန်းများသတ်မှတ်ပေးမည်ဖြစ်ကြောင်း၊ ပြတိုက်အတွင်း Under World (ဖန်လိုဏ်ခေါင်း) မှတစ်ဆင့် အပေါ်ကငါးများကိုကြည့်ရှုနိုင်သည့် ကန်အကြီးကြီးပါရှိကြောင်း၊ ယင်းအတွက် ဘေးကင်းလုံခြုံရန် နည်းပညာပိုင်းဆိုင်ရာကို နိုင်ငံခြားမှအကူအညီရယူရန် အချိန်ပေးနေရကြောင်း၊ လက်ရှိအဆောက်အဦမှာ ပြီးစီးနေပြီး အတွင်းပိုင်းတွင် Light Sporting System ဖြင့် ငါးထည့်ရန်သာ ကျန်ရှိကြောင်း ဒါရိုက်တာ ဦးတင်မောင်ထွန်းက ပြောသည်။

ငါးပြတိုက်ကြီးတွင် ငါးပြကွက်ပေါင်း ၂၀ ကျော်ပြသမည်ဖြစ်ပြီး လာရောက်ကြည့်ရှုသူများအတွက် ငါးပြတိုက်အဝင်ဝတွင် ငါးအမျိုးအစားနှင့်ပြကွက်များအကြောင်းကို ရှင်းလင်းပြောကြားပေးခြင်းအပြင် အချို့ငါးပြကွက်ရှိ ငါးများကို ကလေးများက လက်ဖြင့်ကိုင်၍ဆော့ကစားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ပန်းချမ်းငယ်**

မျက်နှာဖုံးမှ-

# မေတ္တာပြိုင်ပွဲ



ဝန်းရံခ

'ခြင်ကိုက်တော့ ခဏာခဏနိုး၊ ခဏာခဏနိုးတော့ အိပ်ရေးပျက်၊ အိပ်ရေးပျက်တာတွေ များလာတော့ ကလေးတွေ များများထွက်လာတာပေါ့ကွာ' ဟု ရှေးလူရွှင်တော်ကြီးများ ပျက်လုံးထုတ်သလို ကျွန်တော်တို့နေထိုင်ရာ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံ (၂) လမ်းတွင် လေးငါးခြောက်နှစ်အရွယ် ကလေးသူငယ် အလွန်ပေါများပြီး ခြင်လည်း အန်မတန်ကိုက်ပါ၏။ ကိုက်ဆို လမ်းဘေးရေဆိုးရေမြောင်းများမှာလည်း လွန်စွာညစ်ပတ်နေသောကြောင့်ဖြစ်၏။ ထို့အပြင် လမ်းထဲတွင် အိမ်ငှားတန်းလျားများပေါများသောကြောင့် လူဦးရေထူထပ်၊ ကျပ်သိပ်သလို အိမ်ငှားတို့၏အကျင့်စရိုက်အတိုင်း စည်းမဲ့ကမ်းမဲ့အမှိုက်ပစ်ခြင်းများ၊ ကိုယ့်အိမ်ရာမဟုတ်သဖြင့် ဂရုမစိုက်၊ အလေးမမူ၊ မပြုပြင်ခြင်းများကြောင့် လမ်းဘေးဝဲယာသာမက အိမ်ရှေ့ရေဆင်းမြောင်းများ၊ အိမ်နောက်ဖေးရေဆိုးမြောင်းများပါ ပိတ်ဆို့၍ ခြင်ခိုအောင်းပေါက်ဖွားစရာ နေရာများအဖြစ် တည်ရှိနေသောကြောင့်ဖြစ်ပါသည်။

ကျွန်တော့်အိမ်တွင်လည်း သားနှစ်ယောက်မှာ အကြီးက အသက် ၇ နှစ်၊ သားအငယ်က အသက် ၂ နှစ်နှင့်ဆယ်လရှိပေပြီ။ ကလေးတို့၏သဘာဝအတိုင်း ဟိုအမှိုက်ဒီပစ်ချင်၊ ဒီပလတ်စတစ်ကို ဟိုပစ်ချင်စိတ်တို့ဖြင့် ဆော့ကစားတတ်သည့်အတွက်ကြောင့်လည်း ကျွန်တော့်အိမ်ခြေရင်း၌ အမှိုက်သရိုက်နှင့် ပလတ်စတစ်အိတ်ကအစ ရေဆိုး၊ ရေညစ်တို့ဖြင့်ပြည့်နေပေရာ ခြင်ပေါက်ဖွားရန် အကောင်းဆုံးအနေအထားဖြစ်နေပေ၏။

အနီးဝန်းကျင်ရှိ အိမ်များမှာလည်း အနံ့ဆယ်ပေ၊ အလျားပေခြောက်ဆယ်ရှိသည့် အိမ်အများစုဖြစ်ပေရာ တစ်အိမ်နှင့်တစ်အိမ် ကပ်လျက်ရှိနေသောကြောင့် သူ့အိမ်နှင့်ကိုယ့်အိမ်ကြား သန့်ရှင်းရေးလုပ်ငန်းလုပ်ရန်ပင် မလွယ်ချေ။ ဒါပေမဲ့ ကျွန်တော်တို့အမေကတော့ သူ့မြေးတွေခြင်အကိုက်မခံရစေရန် ရေဆိုးရေမြောင်းနှင့် ရေဆင်းမြောင်း၊ အိမ်ခြေရင်း အမှိုက်သရိုက်၊ ပလတ်စတစ်အိတ်များကိုရှင်းလင်းကာ ခြင်ဆေးချသော်လည်း တစ်လမ်းလုံးလိုလိုက ထိုသို့အခြေအနေရှိပေရာ ဘယ်မှာလာ၍ ခြင်ကိုက်သက်သာမည်နည်း။

ထိုသို့ ခြင်ကိုက်ခံရခြင်းတွင် လူကြီးလူရွယ်များအတွက် ခံနိုင်ရည်စွမ်းရှိနိုင်သော်လည်း ကလေးသူငယ်များအဖို့ သွေးလွန်တုပ်ကွေးနှင့် ခြင်မှကူးစက်တတ်သော အခြားရောဂါများ၏ကူးစက်မှုကို ခံရနိုင်ပေမည်။ ယင်းကြောင့် ကျန်းမာရေးအတွက် မကောင်းမှန်း၊ ဘေးထွက်ဆိုးကျိုးများမှန်း သိပေမယ့် ခြင်ဆေးခွေကိုသာ အားကိုးရပေတော့သည်။ ပြောမည့်သာပြောရပေသည်။ အဆိုပါခြင်ဆေးခွေများကိုလည်း ခြင်များကထွန်းခါစသာ ကြောက်ပေ၊ ပြေးပေသည်။ နောက်ပိုင်းအထွန်းများသည့် ခြင်ဆေးခွေနံ့ကို ခြင်များကယဉ်ပါးလာပုံရကာ ပုံမှန်သွားလာပျံသန်း၍ ကိုက်မြဲတိုင်း ကိုက်ပေ၏။

ဒီတော့လည်း ကျွန်တော်တို့မှာ ခြင်ဆေးခွေနောက်တစ်မျိုးပြောင်းကာ ထွန်းကြရသည်။ အိပ်ချိန်ဆိုလျှင်လည်း ခြင်ထောင်ကိုခြင်မဝင်စေရန် သေသေချာချာ ဖိထားသည့်ကြားက ဘယ်ကဘယ်လို ဝင်လာမှန်းမသိသော ခြင်များနှင့်တိုက်ပွဲဆင်နွှဲရသည်မှာလည်း အမောပင်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် သူတစ်ပါးအသက်ကို မသတ်သင့်မှန်း၊ ငရဲကြီးမှန်းသိပေမယ့် မိဘဆိုပြန်တော့လည်း သားသမီးအတွက် မိမိအသက်ကိုပေးရန်ပင် အဆင်သင့်ရှိသူများမို့ ကျွန်တော်တို့လင်မယားနှစ်ယောက်မှာ ခြင်ထောင်ထဲသို့ ဝင်လာသောခြင်များကို တက်ညီလက်ညီ အပြိုင်ရိုက်ရလေတော့သည်။ ခြင်ထောင်ထဲ၌ ခြင်ရှာမတွေ့မှသာ ကျွန်တော်တို့မှာ အိပ်ရလေသည်။

× × × × × × ×

နောက်တစ်နေ့မနက် မိုးလင်းလို့ အိပ်ရာထပြန်တော့လည်း ခြင်ထောင်ထဲမှာ သွေးတွေဖောင်းကားနေသည့် ခြင် သုံး၊ လေးကောင်ခန့် ထပ်တွေ့ရပြန်တော့ 'ကိုယ့်သားတွေကို ကိုက်ထားသည့်ခြင်တွေပဲ' ဟု ဒေါသစိတ်ဝင်ကာ အတင်းလိုက်ရိုက်ပြန်သည်။ ခြင်သုံးကောင်မှာ သွေးတွေဖောင်းကားကာ လေးလံနေသဖြင့် မပျံနိုင်ဘဲ ကျွန်တော့်ရိုက်ချက်အောက်၌ အသက်ပျောက်ရရှာသည်။ နောက်ဆုံးခြင်တစ်ကောင်မှာတော့ အားယူကာ ပျံသန်းရင်း သူ့အသက်ဘေးအတွက် စောင်နဲ့ခေါင်းအုံးကြား ဝင်တိုးပြီး အသည်းအသန်လွတ်လမ်းရှာလေသည်။ ကျွန်တော်ကလည်း စောင်တွေ၊ ခေါင်းအုံးတွေဖယ်ကာ မရမက လိုက်ရိုက်ပြန်သည်။ ထိုအခါ အဆိုပါခြင်မှာ ခြင်ထောင်အောက်နှုတ်ခမ်းသားတစ်လျှောက် တိုးဝင်ပျံသန်းနေသဖြင့် ကျွန်တော့်အသိစိတ်၌ ကိုယ်ချင်းစာနာစိတ်တစ်ခု ဖြစ်ပေါ်လာလေသည်။ သာမန်ခြင်တို့သည် လူကို ကိုက်ပြီးပါက သွေးဝကာ မပျံသန်းနိုင်သလို အားထုတ်ကာပျံသန်းခြင်းလည်းမရှိကြဘဲ အသတ်ခံရရှာသည်။ ယခုတွေ့နေရသောခြင်ကတော့ ထိုသို့မဟုတ်၊ နောက်ဆုံးထွက်သက်အထိ ကြိုးစားကာ ရှောင်ရှားပျံသန်းနေသဖြင့် သည်ခြင်၏ဖွဲ၊ လုံ့လ၊ ဝီရိယကို မချီးကျူးဘဲ မနေနိုင်အောင်ဖြစ်မိသလို 'သူ့တစ်ကိုယ်စာတည်းအတွက် အသက်ရှင်သန်ရုန်းကန်နေခြင်းမှ ဟုတ်ပါလေစ' ဟုတွေးမိသောခဏ၌ ကျွန်တော့်အနေဖြင့် ခြင်တွေရဲ့အကြောင်းကို ဆက်စပ်၍ စဉ်းစားမိပြန်သည်။ ခြင်များတွင် ခြင်အထီးက သွေးမစုပ်သလောက်ဖြစ်ပြီး အပင်များကိုမှီခိုအသက်ရှင်ပေသည်။ ခြင်မများကတော့ ခြင်ထီးများထက် ပိုမိုသန်မာသလို အသက်လည်းပိုရှည်ပါသည်။ ပြီးတော့ လူများကိုဒုက္ခပေးတတ်ဆုံးဖြစ်ပါသည်။ ခြင်အမသည် သွေးမစုပ်ဘဲအသက်ရှင်နိုင်ပေမယ့် ဥအတွက်ပရိုတင်းနဲ့သံဓာတ်လိုသည်မို့ Blood Meal သွေးစုပ်ကြရပါသည်။ ထို့ကြောင့် ခြင်မများဟာ သူတို့အသက်ရှင်သန်ရေးအတွက် သွေးစုပ်ကြခြင်းမဟုတ်ဘဲ သူတို့၏မျိုးအိမ်သန္ဓေမှ ဥချရန်အတွက် သူတို့အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ အသေခံကာ လူ၊ သတ္တဝါများကို ကိုက်ခဲသွေးစုပ်ကြခြင်းပင်ဖြစ်ပါသည်။

သို့ဖြင့် ကျွန်တော့်စိတ်တွင် ခြင်မများ၏မိခင်မေတ္တာစိတ် (ဝါ) မိဘမေတ္တာစိတ်ကို တွေးမြင်သိရှိလာရာ ခြင်ထောင်အတွင်း၌ အသက်လုကာပျံသန်းနေရှာသည့် အဆိုပါခြင်အားကြည့်ရင်း 'ဒီခြင်ကို လွှတ်လိုက်တာကောင်းပါတယ်။ သားသည်အမေ၊ ဥတွေ လွယ်ထားသည့်ခြင်မကြီးလား' ဟု တွေးတောကာ ခြင်ထောင်ဖွင့်၍ လွှတ်လိုစိတ်ဖြစ်မိသော်လည်း အပြစ်ကင်းစင်စွာ အိပ်မောကျနေကြသည့် သားနှစ်ယောက်မျက်နှာကို မြင်မိပြန်သည်။ သားနှစ်ယောက်ခမျာ ဘာမှမသိရှာ။ ချစ်စရာကောင်းသည့်ပါးဖောင်းဖောင်းပေါ်နှင့် နဖူးပြင်ပေါ်တွင် နေရာအနှံ့ရှိနေသည့် ခြင်ကိုက်ရာအချို့ကိုမြင်ရတော့ စောစောကထားခဲ့သော နားလည်ခွင့်လွှတ်ခဲ့သည့် မေတ္တာစိတ်တို့သည် ဘယ်ဆီဘယ်ဝယ်ရောက်သွားပြီ မသိတော့။ 'ကဲကွာ'၊ 'ဖြန်း'၊ 'မှတ်ပြီလား'၊ 'ငါ့သားတွေကို ကိုက်ချင်တဲ့ကောင်' ဟုဆိုကာ ကျွန်တော်ကခြင်ထောင်အောက်နှုတ်ခမ်းသားတစ်လျှောက် တိုးဝင်ပျံသန်းနေသော အဆိုပါခြင်အား ခြင်ထောင်ဖျင်သားနှင့် တစ်ခါတည်းသိမ်း၍ တအားလိုက်ရိုက်ရာ ရိုက်ချက်မိသွားလေသဖြင့် ပြေးမလွတ်ရှာသော နောက်ဆုံးလက်ကျန်ခြင်တစ်ကောင်မှာ သေပွဲဝင်သွားခဲ့ရလေပြီ။ ခြင်ထောင်ဖျင်သားဖြူဖြူနှင့် ကျွန်တော့်လက်မှာတော့ သွေးအချို့စွန်းထင်းလျက်။ ထိုသွေးများက ကျွန်တော့်သားနှစ်ယောက်ဆီမှ စုပ်ယူထားသောသွေးတွေဆိုတာ ကျွန်တော့်နှလုံးသွေးသားတို့က အတပ်သိနေသည်မဟုတ်ပါလား။




ညောင်ဦးမြို့မှ မြန်မာနိုင်ငံသား Biker ကိုမော်ကြီးသည် စက်တင်ဘာလ ၁ ရက်နေ့မှစတင်ပြီး မုံရွာ-ယာကြီး-ကလေး-တမူးလမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုးရေးနယ်စပ်မြို့၊ ယင်းမှတစ်ဆင့် ဂါယာသို့တစ်ကိုယ်တော်ပြိုင်စက်ဘီးဖြင့် သွားရောက်ခဲ့ရာ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဂါယာမြို့သို့ ရောက်ရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့မှ အိန္ဒိယနိုင်ငံ ဂါယာမြို့အထိ မိုင်ပေါင်း ၉၈၀ ကျော် အကွာအဝေးသို့ တစ်ကိုယ်တော်စက်ဘီးဖြင့် ဘုရားဖူးသူ ကိုမော်ကြီးသည် နိုင်ငံဖြတ်ကျော်၍ ခရီးရှည်စက်ဘီးစီးနင်းသွားရောက်သူဖြစ်သည်။ မကြာမီ အိန္ဒိယနိုင်ငံမှ မန္တလေး-အင်ဖာဘတ်စ်ကားပြေးဆွဲကာ အင်ဖာမှဂါယာသို့ အိန္ဒိယအဝေးပြေးခရီးသည်ကားများဖြင့် ဗုဒ္ဓဂါယာအရောက် ခရီးစဉ်များ ဈေးနှုန်းသက်သာစွာဖြင့် ဘုရားဖူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## ရုပ်ပြပညာရပ်ဆိုင်ရာနှင့် မြန်မာ့ရုပ်ပြပွဲတော် (ပထမအကြိမ်) ရန်ကုန်မြို့၌ကျင်းပ

ပြည်တွင်းအခြေစိုက် မြန်မာနိုင်ငံသားများ ဖန်တီးရေးဆွဲထားသော ရုပ်ပြပညာရပ်ဆိုင်ရာ ဟောပြောပွဲများနှင့်ဆွေးနွေးမှုဝေခြင်းကို စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၇ လမ်းဝင်ပေါက် သီးသန့်ဓာတ်လှေကားဘက်ခြမ်းရှိ သံဈေး၊ ငါးလွှာ ရန်ကုန်ဘုတ်ပလာဇာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် Wooh Hmo၊ Aung Ye Kyaw၊ Zero၊ Edo Vader တို့က ရုပ်ပြပညာရပ်ဆိုင်ရာများ ဟောပြောခဲ့ပြီး ဒီဂျစ်တယ်အနုပညာဈေးကွက်များဖြစ်သော ရုပ်ပြ၊ Animation၊ ဂိမ်းတို့ကို Aye Chan Aung (Pencell Studio) က မိတ်ဆက်ကာ တက်ရောက်လာသောပရိသတ်များဖြင့် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲကာလအတွင်း နေ့စဉ်တက်ရောက်လာသည့် ပရိသတ်များနှင့်အပြန်အလှန် ဆွေးနွေးမှုဝေခြင်းများပြုလုပ်ပြီး Myanmar Comic Festival Lucky Draw Winner ဆု ဆွတ်ခူးသူကို Huion Myanmar က နေ့စဉ်ပုံဆွဲ Tablet တစ်လုံးစီ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

မြန်မာ့ရုပ်ပြများနှင့် ကင်းကွာနေသောလူကြီး၊ လူငယ်တိုင်းအတွက် စိတ်မောပြေစရာအဖြစ် မုဆိုးကျော်ဖိုးထော်၊ မောင်ပူစီတို့ကို ဖန်တီးရှင် ဆရာမောင်မောင်၊ မောင်တီထွင် ဖန်တီးရှင် ဆရာသစ်ထွဏ်း၊ လေးမွန်၊ ထွေးမွန်၊ မောင်မောင်ဇာ၊ ရွှေအိ၊ ရွှေဘုတ်တို့အား ဖန်တီးရှင်ဆရာပိုးဇာ၊ ပြာဂလောင်၊ ပြာလချောင် ဖန်တီးရှင် ဆရာတင်အောင်နီ၊ ဂျစ်တူးဖန်တီးရှင် ဆရာဇော်ဝိတ်၊ ပလာတူးဖန်တီးရှင် ဆရာစမ်းချောင်းကိုကိုအောင်တို့က ရုပ်ပြချစ်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမိတ်ဆက်စကားများပြောကြားပြီး ၎င်းတို့၏ဇာတ်ကောင်များကို အမှတ်တရ (အခမဲ့) ရေးဆွဲပေးခဲ့ကြောင်းသိရသည်။



ထို့အပြင် မြန်မာ့ရုပ်ပြပွဲတော်တွင် ဒုဘဒ္ဒအဖွဲ့သားများက တွေ့ဆုံမိတ်ဆက်ခြင်းများပြုလုပ်ကာ မြန်မာနိုင်ငံ၏ပထမဆုံး ရုပ်ပြစီးရီးဖြစ်သော ဒုဘဒ္ဒစာအုပ်ကို ယခုစက်တင်ဘာလမှ စတင်ဖြန့်ချိလိုက်ပြီဖြစ်ပြီး မြန်မာ့ရုပ်ပြပွဲတော်တွင် ရုပ်ပြစာအုပ်များကို အခြေပြု၍ ရုပ်ပြဆိုင်ရာဆက်စပ်လုပ်ငန်းများဖြစ်သော ဂိမ်း၊ Animation၊ 3D အစရှိသော လုပ်ငန်းများစွာတို့ ပါဝင်ပြသခဲ့ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

## ဝင်ငွေရလမ်းမပြနိုင်သော ဝင်ငွေများအပေါ် အခွန်ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ အိမ်ခြံမြေဈေးကစားခြင်းများ မဖြစ်စေရန် ထိန်းညှိဖို့လိုအပ်နေ

**MM**

၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ စည်းကြပ်မှုက ကင်းလွတ်နေသော ဝင်ငွေများအပေါ် ဖြေလျှော့မှုပေးမည်ဖြစ်ခြင်းကြောင့် အိမ်ခြံမြေဈေးကွက်အပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍများ ပြန်လည်တိုးတက်ကောင်းမွန်လာနိုင်ကြောင်း အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းက သုံးသပ်ပြောဆိုနေကြသည်။

ထိုသို့ သက်သာခွင့်ပေးခြင်းကြောင့် ငြိမ်သက်နေသောအိမ်ခြံမြေဈေးကွက်အပါအဝင် အဆိုပါကဏ္ဍတွင် ဆက်စပ်နေသည့်လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ယခုကဲ့သို့ဖြေလျှော့မှုများကို ကြိုဆိုကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူးက ပြောသည်။

သို့သော် အခွန်သက်သာခွင့်အပေါ် အိမ်ခြံမြေဈေး မြင့်တက်အောင် ဈေးကစားခြင်းများမဖြစ်စေဖို့ အစိုးရအနေဖြင့် ပြန်လည်ထိန်းညှိခြင်းများ လုပ်ဆောင်ဖို့ လိုအပ်နေကြောင်းဆိုသည်။

ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌက ပြည်တွင်းအိမ်ခြံမြေဈေးကွက်တွင် ဈေးကစားခြင်းများကို လူနည်းစုကသာ လုပ်ဆောင်နေခြင်းဖြစ်ပြီး အဆိုပါကိစ္စများဖြစ်စေဖို့ ကိုလည်း အစိုးရအနေဖြင့် ပြန်လည်သုံးသပ်ခြင်းများ လုပ်ဆောင်မည်ဟု ယူဆကြောင်းပြောသည်။ ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ နိုင်ငံသားမည်သူမဆို အခြေပြပစ္စည်းတစ်ခုခုကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသောဝင်ငွေသည် ဝင်ငွေရလမ်းတင်ပြနိုင်မှုမရှိလျှင် တစ်ကျပ်မှသိန်းတစ်ထောင်ထိကို ၃ ရာခိုင်နှုန်းအခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

သိန်း ၁,၀၀၀ မှ သိန်း၃,၀၀၀ အထိကို ၅ ရာခိုင်နှုန်း၊ သိန်း ၃,၀၀၀ မှ သိန်း ၃၀,၀၀၀ အထိကို ၁၀ ရာခိုင်နှုန်းနှင့် သိန်း ၃၀,၀၀၀ အထက်သည် ၃၀ ရာခိုင်နှုန်း အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရပြီး အဆိုပါ ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်ဥပဒေသည် လာမည့်အောက်တိုဘာလ ၁ ရက်နေ့က စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

## မျိုးသုဉ်းပျောက်ကွယ်တော့မည့် ကြောင်တံငါကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်

**AM**

အရှေ့တောင်အာရှနိုင်ငံများတွင် ပေါက်ဖွားပြီး မျိုးသုဉ်းပျောက်ကွယ်တော့မည့်ကြောင်တံငါကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အသားစားကြောင်ရိုင်းအုပ်စု၊ အသီးအရွက်စားကြောင်ရိုင်းအုပ်စုများကို ပြသထားပြီး လက်ရှိအသားစားကြောင်ရိုင်း ၅ မျိုး၊ အသီးအရွက်စားကြောင်ရိုင်း ၆ မျိုး ပြသထားကြောင်း သိရသည်။ အဆိုပါအတွင်းမှ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ် စသည့် အိမ်နီးချင်းနိုင်ငံများတွင် ပေါက်ဖွားသော ကြောင်တံငါကို လက်ရှိ ၉ ကောင်အထိပြသထားပြီး ယင်းကြောင်တံငါသည် ချင်းတွင်းမြစ်အထက်ပိုင်း၊ ကမ်းရိုးတန်းအထက်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသ မြစ်ငယ်ချောင်းငယ်အနီးမှာ နေထိုင်ကြခြင်းဖြစ်ကြောင်း၊ ယခုနောက်ပိုင်း ကြောင်တံငါသည် အရှေ့တောင်အာရှနိုင်ငံများ၌ မျိုးသုဉ်းမည့်အခြေအနေကိုရောက်ရှိနေပြီး ၎င်းတို့နေထိုင်ကျက်စားသော မြစ်ဝကျွန်းပေါ်ဒေသများတွင်လည်း အကောင်ရေကျဆင်းလာကြောင်း လေ့လာမှုအရ သိရသည်။ ကြောင်တံငါကို ၁၉၉၁ ခုနှစ်နောက်ပိုင်းကစတင်ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ရှာဖွေတွေ့ရှိကာ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်တွင် ပြသဖို့ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။ ကြောင်တံငါသည် ရဲရင့်သော ကြောင်ရိုင်းအမျိုးအစားဖြစ်ပြီး ဆိတ်ပေါက်စ၊ ကျွဲပေါက်စများကိုပင် ခုန်အုပ်စားနိုင်ကာ ငါးကိုကိုယ်တိုင် ဖမ်းဆီးစားသောက်နိုင်ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ ကြောင်ရိုင်းများအတွင်း လူစိတ်ဝင်စား၍ လာရောက်ကြည့်ရှုမှုများပြားကြောင်း သိရသည်။



လက်ရှိကြောင်တံငါများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိအောင် သားဖောက်ခြင်းများအပြင် ရာသီဥတုဒဏ်မခံရအောင် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်နေကြောင်း HTOO ZOOS & GARDENS BUSINESS UNIT ၏ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာမြင့်သိန်းက ပြောသည်။ ❑

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ဒို့အမေ

မောင်ဉာဏ် (ရုံးချုပ်)

ဤနေရာ၌ 'ဒို့အမေ' ဟုဆိုရာတွင် မွေးမိခင်ကိုဆိုလိုသည် မဟုတ်ပါ။ ကျွေးမိခင်ကိုဆိုလိုခြင်းလည်း မဟုတ်ပါ။ ခံယူတတ်သော ဗုဒ္ဓဘာသာဝင်တို့၏အမေကို ဆိုလိုခြင်းဖြစ်ပါသည်။ သူမ၏ကျေးဇူးကြောင့်သာ အကျိုးကြီးမားသော ကုသိုလ်ထူးတစ်ရပ်ကို ကျွန်ုပ်တို့ပြုလုပ်ခွင့်ရခဲ့ကြပေသည်။ ထိုကုသိုလ်မှာ ဝါတွင်းကာလအချိန်မှသာ လှူဒါန်းခွင့်ရသော ဝါဆိုသင်္ကန်းခေါ် မိုးရေခံသင်္ကန်းလှူဒါန်းခွင့်ပင်ဖြစ်သည်။ ထို့ကြောင့် 'ဒို့' ဆိုသည်မှာ ခံယူတတ်၊ ကျေးဇူးသိတတ်သော ဗုဒ္ဓဘာသာဝင်တို့ကိုဆိုလို၍ 'အမေ' ဟူသည်ကား ပုဗ္ဗာရုံကျောင်းအစ်မကြီး 'ဝိသာခါ' ကို ရည်ရွယ်ခြင်းသာ ဖြစ်ပါတော့သည်။

သာသနဒါယကာမကြီးသည် ခုနစ်နှစ်သမီးအရွယ်ကပင် ထူးထူးခြားခြား သစ္စာသိမြင် သောတာပန်တည်ခဲ့သူဖြစ်ပါသည်။ အရွယ်ရောက်သော် ခင်ပွန်းဖြစ်သူပုဏ္ဏဝဒ္ဓနနှင့်သာဝတ္ထိသို့ လိုက်ပါခဲ့ပြီး ယောက္ခမတော် မိဂါရသူဌေးကြီး၏အိမ်၌ နေရသည်။ ယောက္ခမကြီးနှင့်တစ်အိမ်သားလုံးမှာ ဗုဒ္ဓဘာသာဝင်များမဟုတ်ကြဘဲ သာသနာပပုဂ္ဂိုလ်များကို ကိုးကွယ်ကြည်ညိုကြသဖြင့် ဘာသာတရားကိုင်းရှိုင်း၍ သဒ္ဓါအားကြီးလှသော ဝိသာခါမှာ ငရဲသမျှဆင်းရဲနေရတော့သည်။ သို့သော်လည်း ဉာဏ်အမြော်အမြင်ကြီးလှသောဝိသာခါသည် အခွင့်ကောင်းကိုစောင့်နေတော့သည်။

တစ်နေ့တွင် ယောက္ခမတော် မိဂါရသူဌေးကြီးသည် အိမ်ဂေဟာ၌ နို့ထမင်းကိုစားနေသည်။ ဝိသာခါသည်လည်း အနားက ယပ်ခပ်လျက်ရှိစဉ် ရဟန်းတစ်ပါးသည်ဆွမ်းရပ်တော်မူသည်။ ယောက္ခမတော်က ဆွမ်းမလောင်းလှူသောအခါ ဝိသာခါက 'ကန်တော့ပါသေးသည်ဘုရား။ တပည့်တော်၏ယောက္ခမတော်သည် အစာဟောင်းကိုသာ စားသုံးသူဖြစ်ပါသည်' ဟု လျှောက်လေသည်။ ထိုအခါ ယောက္ခမကြီးသည် ချွေးမကငါ့အား 'အဟောင်းအပင်းစားသူဟု ရိုင်းပျစော်ကားလေခြင်း' ဟု ဒေါသမာန်ပွားကာ အိမ်မှနှင်ချတော့သည်။ ဝိသာခါက ဆင်းမသွားသောအခါ ယောက္ခမကြီးသည် ဝိသာခါဖခင်သူဌေးကြီးက မိမိသမီးမသင့်တော်တာရှိက ဆုံးမသွန်သင်ရန်အပ်နှံထားသော သူဌေးရှစ်ဦးနှင့် ပညာရှိပုဏ္ဏားကြီးတို့အား ခေါ်ယူ၍ ခုံသမာဓိဖွဲ့ကာ ချွေးမ၏ရိုင်းပျသောအပြစ်တို့ကို တင်ပြလေသည်။ ဝိသာခါက မိမိဆိုသောသဘောမှာ ယောက္ခမတော်သည် ကံဟောင်းဖြစ်သော ရှေးလူကြီးများထားခဲ့သောဥစ္စာအမွေအနှစ်ကိုသာ သုံးဆောင်ပါသည်။ ကုသိုလ်ကံအသစ်ပြုခြင်း မရှိပါသောကြောင့် ယောက္ခမကြီးသည် အစာဟောင်းကိုသာ စားသုံးသူဟု ဆိုခြင်းဖြစ်ကြောင်း ချေပပြောကြားလေသည်။ ခုံသမာဓိလူကြီးများက ဝိသာခါတွင် အပြစ်မရှိဟုဆုံးဖြတ်ကြပြီး မိဂါရသူဌေးအား ကဲ့ရဲ့ပြစ်တင်တော့သည်။ သူဌေးကြီးလည်း ချွေးမကိုတောင်းပန်ရတော့သည်။ ဤသို့ဖြင့် အိမ်တော်၌မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ဆွမ်းကပ်ခွင့်ရရှိတော့သည်။

တစ်နေ့တွင် ဝိသာခါသည် အိမ်တော်၌ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီး၍ မြတ်စွာဘုရားက ဆွမ်းအနုမောဒနာဟောကြားတော်မူစဉ် မိဂါရသူဌေးသည် ကန့်လန့်ကာနောက်ကွယ်မှ တရားနာလေသည်။ တရားနာနေစဉ်ပင် သစ္စာသိမြင်တရားအမြင်ရလေတော့သည်။ ဤတွင်မှ ချွေးမအပေါ် မိခင်တမျှကိုးကွယ်၍ တစ်အိမ်လုံးကိုအပ်နှံလေသည်။ ဤသို့ဖြင့် ဝိသာခါ၏အိမ်သည် အလှူမပြတ်ရဟန်းသံဃာတို့၏ တည်ရာမှီရာ ဖြစ်လာခဲ့လေသည်။

ဝိသာခါသည် ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော အမျိုးကောင်းသမီးဖြစ်ပြီး သားသမီးနှစ်ကျိပ်တိတိရှိသည်။ မြေးများလည်း အလွန်ပေါကြွယ်လှသည်။ တစ်နေ့တွင် မြေးများထဲမှ ဝိသာခါချစ်မြတ်နိုးလှသော မြေးမလေးသည် ရုတ်တရက်အနိစ္စရောက်တော့သည်။ ထိုအခါ ဘာဝနာအမှု၌အားနည်း၍ လှူရေးတန်းရေးတွင်သာ လုံ့လစိုက်သောကျောင်းအစ်မကြီးသည် သောကမီးတောက်လောင်လေသည်။ ပူပင်သောကမီး၏ လောင်မြိုက်မှု



ဒဏ်ကို အလူးအလဲခံစားနေရသော ကျောင်းအစ်မကြီးအား အိမ်သားတို့က တစ်ကိုယ်လုံးကိုရေများဖြင့်လောင်း၍ ပေးကြသည်။ သို့သော်ကြီးသထက်ကြီးလာသော ပရိဒေဝမီးကြောင့် မြတ်စွာဘုရားရှင်ရှေ့သို့ ရောက်ခဲ့ရချေတော့သည်။ မြတ်စွာဘုရားက-

'ဝိသာခါ ခေါင်းရော၊ ကိုယ်ပါ ရေစွတ်စိုလျက် အဘယ့်ကြောင့် ရောက်လာသနည်း'

'အရှင်ဘုရား တပည့်တော်မ၏ ချစ်လှစွာသောမြေးမလေးသည် အချိန်မတိုင်မီ ကွယ်လွန်ခဲ့ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်မအား ပရိဒေဝမီးသည် အလွန်နှိပ်စက်နေပါသည်ဘုရား'

'ဝိသာခါ သင်သည် ထိုမြေးမလေးအား တကယ်ချစ်အပ်ပါသလော'

'အရှင်ဘုရား ထိုမြေးမလေးသည် တပည့်တော်အချစ်ဆုံးဖြစ်ပါသည်ဘုရား'

'သို့ဖြစ်လျှင် ထိုကဲ့သို့သောမြေးမမျိုး သာဝတ္ထိမြို့လူဦးရေလောက်ရရင် မလိုချင်ဘူးလား'

'အရှင်ဘုရား ထိုမြေးမလေးကဲ့သို့ မြေးများသာရမည်ဆိုက လိုချင်ပါတယ်ဘုရား'

'ဝိသာခါ သင်စဉ်းစား၍သာ ဖြေလော့။ သာဝတ္ထိမြို့၌ တစ်နေ့ လူမည်မျှသေကြသနည်း'

'ငါးဆယ်၊ ခြောက်ဆယ်မျှသာ သေပါသည်ဘုရား'

'သာဝတ္ထိမြို့၌ လူမသေသောနေ့ကောရှိသလော'

'မရှိပါဘုရား'

'သို့ဆိုလျှင် သင်ကော ဆံပင်ရေခြောက်သောနေ့ ရှိပါဦးမလား'

'မရှိတော့ပါ ဘုရား'

'ဝိသာခါ ထိုမြေးမလေးမျိုးလိုချင် သေးသလော'

'အရှင်ဘုရား မလိုချင်တော့ပါဘုရား'

မြတ်စွာဘုရား၏မီးငြိမ်းတရားဖြင့် ဝိသာခါ၏သောကအပူသည် ငြိမ်းခဲ့လေသည်။

တစ်ခါတွင်တော့ ကျောင်းအစ်မကြီးသည် ဘုရားရှင်နှင့်သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီးလျှင် ဘုရားရှင်ထံကပ်၍-

'အရှင်ဘုရား တပည့်တော်မအား ရှစ်မျိုးသောဆုကို သနားတော်မူပါဘုရား'

'ဝိသာခါ ဘုရားရှင်တို့မှာပေးစရာ ဥစ္စာမရှိပေ'

'အရှင်ဘုရား ဥစ္စာပစ္စည်းဆုမဟုတ်ပါ။ အကျိုးနှင့်စပ်သော အပြစ်ကင်းသောဆုများသာ ဖြစ်ပါတယ်ဘုရား'

'သို့လျှင် တောင်းပေတော့ဝိသာခါ'

'အရှင်ဘုရား တပည့်တော်မသည် သံဃာတော်အား မိုးရေခံသင်္ကန်းများလှူလိုပါ၏။ ရောက်ခါစ ရဟန်းတို့အား ဆွမ်းကပ်လိုပါ၏။ ခရီးသွားမည့်ရဟန်းတို့အား ဆွမ်းကပ်လိုပါ၏။ ဖျားနာနေသော ရဟန်းများအား ဆွမ်းကပ်လိုပါ၏။ သူနာပြုရဟန်းများအား ဆွမ်းကပ်လိုပါ၏။ ဖျားနာသောရဟန်းများအား ဆေးဝါးကပ်လိုပါ၏။ အမြဲတစေ ယာဂုကပ်လိုပါ၏။ ရဟန်းမိန်းမများအား ရေသနုပ်သင်္ကန်းများ လှူဒါန်းလိုပါ၏။ ဤဆုရှစ်မျိုးပင် ဖြစ်ပါသည်ဘုရား'

'ဝိသာခါ အဘယ်သို့သောအကျိုးကိုမြော်မြင်၍ ဤဆုများကို တောင်းသနည်း'

'အရှင်ဘုရား ဤနေ့နံနက်ဆွမ်းကျက်ချိန်တွင် တပည့်တော်မသည် သံဃာတော်များသွားပင့်ရန် 'ကျွန်မ' တစ်ယောက်အား စေလွှတ်လိုက်ပါသည်။ ကျွန်မ ပြန်လာသောအခါ သံဃာတော်များပါမလာဘဲ ကျောင်း၌ရဟန်းတစ်ပါးမျှမရှိပါ။ ကိုယ်တုံးလုံးနှင့်အာဇီဝကများသာ မိုးရွာထဲတွင် ရေချိုးနေပါသည်ဟု ဆိုပါသည်။ ကျွန်မက အာဇီဝကဆိုသော်လည်း သင်္ကန်းအလဲအလှယ်မရှိသော ရဟန်းများဖြစ်ကြောင်း တပည့်တော်မ သိလိုက်ပါသည်။ မိုးရေခံသင်္ကန်း လှူဒါန်းခွင့်ရလျှင် ဤအဖြစ်မျိုးကြုံရမည်မဟုတ်ပါ။

အရှင်ဘုရား ဤမြို့သို့ရောက်ခါစ ရဟန်းသည် လမ်းမကျွမ်းကျင်၍ ဆွမ်းခံအိမ်များ မမှတ်မိသဖြင့် ပင်ပင်ပန်းပန်းဆွမ်းခံစားရပါသည်။ တပည့်တော်မအိမ်၌ ဆွမ်းစားခွင့်ရပါလျှင် မကြာမီ လမ်းကျွမ်းကျင်သော ဆွမ်းခံအိမ်များမှတ်မိပြီး ချမ်းသာစွာဆွမ်းခံနိုင်မည်ဖြစ်ပါသည်။

အရှင်ဘုရား ခရီးသွားမည့်ရဟန်းသည် ဆွမ်းခံဝင်နေရသ

စာမျက်နှာ ၁၉ သို့-

**စာမျက်နှာ ၁၈ မှ-**

ဖြင့် ချိန်းထားသောလှည်းကြုံများ လွတ်သွားနိုင်ပါသည်။ ရည်မှန်းရာသို့ အချိန်မတော်မှရောက်သွားနိုင်ပါသည်။ လမ်းခရီး၌လည်း ပင်ပန်းပါလိမ့်မည်။ တပည့်တော်မအိမ်၌ ဆွမ်းစားခွင့်ရပါလျှင် ခရီးစဉ်တစ်လျှောက် ချမ်းသာစွာ သွားရပါလိမ့်မည်ဘုရား။

အရှင်ဘုရား ဖျားနာနေသောရဟန်းများသည် သင့်လျော်သောဆွမ်းဘောဇဉ်များ မဘုန်းပေးရလျှင် အနာရောဂါ သည်းထန်လာပါလိမ့်မည်။ အသက်လည်းဆုံးရှုံးနိုင်ပါသည်။ တပည့်တော်မ၏ဆွမ်းကို ဘုန်းပေးခွင့်ရပါလျှင် အနာရောဂါသက်သာပျောက်ကင်းပါလိမ့်မည်။

အရှင်ဘုရား သူနာပြုရဟန်းသည် ဆွမ်းခံထွက်နေရသဖြင့် ဖျားနာသောရဟန်းအား နေမြင့်မှဆွမ်းကပ်နိုင်ပါလိမ့်မည်။ အချိန်မီမစားရ၍ ဖျားနာသောရဟန်းများ အားပြတ်ရပါလိမ့်မည်။ တပည့်တော်မအိမ်၌ ဆွမ်းစားခွင့်ရပါလျှင် ဤအဖြစ်တို့သည် ဖြစ်လာလိမ့်မည်မဟုတ်ပါ။

အရှင်ဘုရား ဖျားနာသောရဟန်းသည် သင့်လျော်သောဆေးဝါးများမရလျှင် ရောဂါသည်းထန်လာပါလိမ့်မည်။ အသက်လည်း ဆုံးရှုံးနိုင်ပါသည်။ တပည့်တော်မ၏ဆေးကို အလှူခံခွင့်ရလျှင် ရောဂါများလည်း သက်သာလာပါလိမ့်မည်။

အရှင်ဘုရားသည် အန္ဓကဝိန္ဒမြို့၌ ဆယ်မျိုးသောအကျိုးကျေးဇူးတို့ကို မျှော်ကိုးတော်မူလျက် ယာဂုဆွမ်းကိုခွင့်ပြုတော်မူခဲ့ပါသည်။ တပည့်တော်မ၏ယာဂုဆွမ်းကို သုံးဆောင်ရသောအရှင်များသည် ထိုဆယ်မျိုးသောအကျိုးကျေးဇူးများကို ခံစားရပါလိမ့်မည်ဘုရား။

အရှင်ဘုရား ရဟန်းမတို့သည် အစီရဝတီမြစ်၌ ပြည့်တန်ဆာမများနှင့်အတူ ကိုယ်လုံးတီးဖြင့် ရေချိုးကြပါသည်။ ထိုအခါ ပြည့်တန်ဆာမများက သူတို့ကိုငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းပြုခြင်းသည် ဘာအကျိုးရှိအံ့နည်း။ အရွယ်ကောင်းခိုက် ကာမဂုဏ်ခံစားပြီး အိုမင်းမှသာရဟန်းပြုလျှင် နှစ်ဖက်စလုံးအကျိုးမရှိသလောဟု ပျက်စီးစေကြောင်းဖြားယောင်းကြပါသည်။ အရှင်ဘုရား ရဟန်းမများကိုယ်လုံးတီးရေချိုးခြင်းမှာ လူမသတီစရာဖြစ်ပါသည်။ တပည့်တော်မသာ ရေသနုပ်သင်္ကန်းကပ်လှူခွင့်ရလျှင် ဤအဖြစ်မျိုးရှိတော့မည်မဟုတ်ပါဘုရား' ဟု မြင့်မားလှစွာသော အမြော်အမြင်ထက်သန်လှသော သဒ္ဓါတရားတို့ဖြင့် တောင်းဆိုလာသော ဆုရှစ်မျိုးကို မြတ်စွာဘုရားက အနုမောဒနာပြု၍ ခွင့်ပြုတော်မူလေသည်။

ထိုရှစ်မျိုးသောဆုတို့တွင် ပထမဆုံးဆုဖြစ်သော ရဟန်းသံဃာအတွက် မိုးရေခံသင်္ကန်းဟူသည် မိုးတွင်းကာလဝါတွင်းအချိန်အခါတွင်သာ လှူဒါန်းရသောသင်္ကန်းဖြစ်သည်။ ဝါဆိုသင်္ကန်းဟူသည်ကား မိမိတို့ရပ်ရွာတွင် (သို့) မိမိ၏ဆရာ၊ ဒကာကျောင်း၌ လာရောက်ဝါဆိုသော ရဟန်းသံဃာအား လာရောက်ဝါဆိုသောအထိမ်းအမှတ်ဖြင့် မည်သည့်အချိန်တွင်မဆို လှူဒါန်းနိုင်သောသင်္ကန်းဖြစ်သည်။ ယခုဝါတွင်းကာလ၌ ကျွန်ုပ်တို့လှူဒါန်းနေသောသင်္ကန်းမှာ ဝါဆိုသင်္ကန်းမဟုတ် မိုးရေခံသင်္ကန်းသာဖြစ်သည်။ ပိဋိကတ်စာပေ၌လည်း ဝါဆိုသင်္ကန်းဟုမလာ၊ မိုးရေခံသင်္ကန်းအဖြစ်သာ လာသည်။

ထို့ကြောင့် မိမိလှူဒါန်းသောသင်္ကန်းသည် မည်သည်ကိုရည်ရွယ်၍ လှူဒါန်းအပ်သောမည်သည့်သင်္ကန်းဖြစ်သည်ကို အသိတိုးပွားကြစေရန်နှင့် ဤသို့လှူဒါန်းခွင့်ရအောင် အမြော်အမြင်ကြီးစွာ တောင်းဆိုခဲ့သော ကျောင်းအစ်မကြီးဝိသာခါ၏ ကျေးဇူးဂုဏ်ကို သိရှိမှတ်သားနိုင်အောင် လေးမြတ်စွာတင်ပြလိုက်ရပေသတည်း။

**ကျမ်းကိုး - ဝိသာခါဝတ္ထု**

**အာနန္ဒာ၏တစ်သက်တာမှတ်တမ်း**

## ကျွန်ုပ်တို့သားသမီးမြေးမြစ်များအတွက် ကမ္ဘာအပိုမရှိ ရာသီဥတုကပ်ဘေးတိုက်ဖျက်ရေးလှုပ်ရှားမှု ကျင်းပ

ကျွန်ုပ်တို့ သားသမီးမြေးမြစ်များအတွက် ကမ္ဘာအပိုမရှိ ရာသီဥတုကပ်ဘေးတိုက်ဖျက်ရေးလှုပ်ရှားမှု Global Climate Strike Myanmar လှုပ်ရှားမှုတစ်ရပ်ကို စက်တင်ဘာလ ၂၂ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။

လူငယ်များ၊ လူငယ်အဖွဲ့အစည်းများ၊ ကျောင်းသားများ အဓိကဦးဆောင်ပြီး နိုင်ငံခြားသားများပါ ပါဝင်သော လူအင်အား ၂၀၀ ခန့်က ဗိုလ်ချုပ်ဈေးသစ်ရှေ့မှ ဆူးလေအထိ ချီတက်ခဲ့ကြပြီး မဟာဗန္ဓုလပန်းခြံရှေ့၌ စုဝေးခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းကြီးများ တိုက်လာခြင်း၊ အပူရှိန်များမြင့်လာခြင်းကို ကမ္ဘာတစ်ဝှမ်းခံနေရခြင်း နှစ်အတော်ကြာလာပြီဖြစ်ကြောင်း၊ လူအများစု သတိထားမိလာကြပြီး အဆိုပါအခြေအနေကို အချိန်မီတားဆီးထိန်းသိမ်းဖို့ ယခုသတင်းပတ်ကို ကမ္ဘာ့လုံးဆိုင်ရာ လှုပ်ရှားမှုအဖြစ် အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိကနိုင်ငံပေါင်းစုံက မြို့ကြီးများ၌ တောင်းဆိုဆန္ဒပြပွဲများ ပြုလုပ်နေကြောင်းသိရသည်။

အဆိုပါလှုပ်ရှားမှုတွင် ထူးခြားခြင်းက ဆယ်ကျော်သက်အရွယ်ကျောင်းသားလူငယ်ပေါင်း သန်းနှင့်ချီ ပါဝင်နေခြင်းများတွေ့ရှိရပြီး လှုပ်ရှားမှု၏လှုံ့ဆော်သံက ကျွန်ုပ်တို့သားသမီးမြေးမြစ်များအတွက် နောက်ထပ်ကမ္ဘာအပိုမရှိပါဟု ဟစ်ကြွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ၁၁ နှစ်အတွင်း အချိန်မီ မထိန်းသိမ်းနိုင်လျှင် ကမ္ဘာ့အပူချိန်မြင့်တက်၍ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မည်ဖြစ်ပြီး ရေချိုများရှားလာမည်ဖြစ်ကြောင်း၊ အင်းဆက်များသေပြီး ဝတ်မှုံကူးသော သဘာဝများပျောက်ပြီး စိုက်ပျိုးရေးများခက်ခဲလာမည်ဖြစ်ကြောင်း စသဖြင့်ပညာရှင်များက ထောက်ပြနေကြသည်။ ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲရခြင်းသည် လုပ်ငန်းရှင်ကြီးများ၏ မတော်မတရား စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်ကြောင်း လူ့အခွင့်အရေးသမားများ၊ တက်ကြွလှုပ်ရှားသူများကလည်း ထောက်ပြနေခဲ့ကြသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုသည်အောက်တွင် စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများက ဆက်စပ်နေပြီး ရာသီဥတုဆိုးရွားလာသည့်အတွက်ကြောင့် လူနေမြို့များ၊ ရွာများထိခိုက်ပြီး စီးပွားရေးများထိခိုက်သည့်အချိန် ရာသီဥတုနှင့်စီးပွားရေးကောင်းသည့် နိုင်ငံများသို့ ရရာနည်းဖြင့်ပြောင်းရွှေ့ကြသည့် ပြဿနာများလည်း ကြုံလာခဲ့ရသည်။



လှုပ်ရှားမှုတွင်ပါဝင်သည့် လူငယ်များအနေဖြင့် အချက် ၃ ချက်ကို တောင်းဆိုခဲ့ကြောင်း ဦးဆောင်သူလူငယ်များအတွင်းမှ ကိုကျော်ရဲထက်က ပြောသည်။ ၎င်းက 'ကျွန်တော်တို့ကြေညာထားတာ တောင်းဆိုချက်ပဲပြောပြော၊ ရည်မှန်းချက်ပဲပြောပြော ၃ ခုရှိပါတယ်။ ပထမတစ်ခုက အစိုးရအနေနဲ့ ရာသီဥတုဆိုင်ရာအရေးပေါ်အခြေအနေဆိုတာကို အသိအမှတ်ပြုပြီး ထိရောက်တဲ့တုံ့ပြန်မှုတွေ လုပ်ဆောင်လာဖို့ ရည်ရွယ်ပါတယ်။ နောက်တစ်ချက်ကတော့ ပြည်တွင်းမှာ လက်ရှိအကောင်အထည်ဖော်နေတဲ့ စီမံကိန်းတွေမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စေတဲ့ စီမံကိန်းတွေ အပြီးတိုင် ရပ်ဆိုင်းဖို့နဲ့ အစိုးရအနေနဲ့ နောက်လည်း ဘယ်တော့မှမလုပ်ဖို့ ကျွန်တော်တို့တောင်းဆိုတယ်။ နောက်တစ်ချက်ကတော့ လူမှုအဖွဲ့အစည်းတွေ အားလုံးအတွက်ကို သဘာဝပတ်ဝန်းကျင်တရားမျှတမှု Environment Justice ရဖို့ ရည်ရွယ်ပါတယ်' ဟုပြောကြားခဲ့သည်။

**မြင့်မြတ်အောင်မြင့်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ရာသီတုပ်ကွေးရောဂါကြောင့် နိုင်ငံတစ်ဝန်း သေဆုံးလူနာ ၁၁၅ ဦးရှိပြီး မန္တလေးတိုင်းဒေသကြီး၌ သေဆုံးသူ ၄ ဦးရှိဟုဆို

ရာသီတုပ်ကွေးရောဂါကြောင့် မြန်မာနိုင်ငံတစ်ဝန်းမှ သေဆုံးသူလူနာ ၁၁၅ ဦးရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၌သေဆုံးသူ ၄ ဦး ရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ဗဟို) ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ စက်တင်ဘာလ ၂၂ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် Seasonal Influenza ဓာတ်ခွဲအတည်ပြု ဖြစ်ပွား/သေဆုံးသူဦးရေစာရင်း

(၁-၁-၂၀၁၉) ရက်နေ့မှ (၂၀-၉-၂၀၁၉) ရက်နေ့အထိ (n=၁၇၄၂)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ သိပ်သည်းဆ (Population Density per Km²) | ရာသီတုပ်ကွေး ရောဂါ သံသယလူနာ ဓာတ်ခွဲ စစ်ဆေးသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု ဖြစ်ပွားသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၆ | ၇၁၅ | ၂၉၉ | ၆၈ |
| ၂ | နေပြည်တော် | ၁၆၄ | ၂၃၃ | ၁၀၅ | ၁ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၇ | ၁၃၁ | ၆၁ | ၁၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၂၄ | ၁၂၂ | ၅၄ | ၁၁ |
| ၅ | ကချင်ပြည်နယ် | ၁၉ | ၁၂၂ | ၄၃ | ၁ |
| ၆ | မကွေးတိုင်းဒေသကြီး | ၈၇ | ၆၀ | ၃၈ | ၄ |
| ၇ | ရခိုင်ပြည်နယ် | ၈၇ | ၈၅ | ၃၂ | ၂ |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၂၀၀ | ၅၇ | ၂၅ | ၄ |
| ၉ | ကရင်ပြည်နယ် | ၅၂ | ၉၅ | ၂၀ | - |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇ | ၃၁ | ၁၆ | ၅ |
| ၁၁ | မွန်ပြည်နယ် | ၁၆၇ | ၂၈ | ၁၅ | ၃ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း) | - | ၁၈ | ၁၃ | ၁ |
| ၁၃ | ကယားပြည်နယ် | ၂၄ | ၁၂ | ၁၂ | - |
| ၁၄ | ရှမ်းပြည်နယ် (မြောက်) | - | ၁၃ | ၆ | - |
| ၁၅ | ချင်းပြည်နယ် | ၁၃ | ၉ | ၆ | - |
| ၁၆ | တနင်္သာရီတိုင်းဒေသကြီး | ၃၂ | ၉ | ၅ | ၁ |
| ၁၇ | ရှမ်းပြည်နယ် (အရှေ့) | - | ၁ | - | - |
| | စုစုပေါင်း | ၇၆ | ၁၇၄၁* | ၇၄၀* | ၁၁၅ |

Note – total test – 1742 , lab confirmed cases – 741, 1 unclassified address and age

မှတ်ချက်။ ရှမ်းပြည်နယ်တစ်ခုလုံး၏ လူဦးရေသိပ်သည်းဆ နှုန်းမှာ ၁ စတုရန်းကီလိုမီတာတွင် ၃၇ ဦး ရှိပါသည်။

ရာသီတုပ်ကွေးရောဂါ A (H1-N1) pdm 09 ဖြစ်ပွားမှုကြောင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၂၀ ရက်နေ့အထိ သေဆုံးသူ ၁၁၅ ဦးအထိရှိလာပြီး ပိုးတွေ့လူနာ ၇၄၀ ဦးအထိရှိလာခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ဗဟို) ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ရာသီတုပ်ကွေးရောဂါ A (H1N1) pdm 09 ကြောင့် မန္တလေးတိုင်းဒေသကြီး၌ ပိုးတွေ့လူနာ ၂၅ ဦးနှင့်သေဆုံးသူ ၄ ဦးရှိခဲ့ကြောင်း သိရသည်။

**MMAM**

# မီးပုံးကုန်ကြမ်းဈေးတက်သော်လည်း ယခင်နှစ်ဈေးအတိုင်းသာ ရောင်းချပေးနေ

ယခုနှစ်တွင် မီးပုံးကုန်ကြမ်းဈေးတက်နေသော်လည်း ယခင်နှစ်က စက္ကူဈေး၊ ဘီးလုံးဈေး စတဲ့ကုန်ကြမ်းဈေးတွေဟာ အရင်နှစ်ကထက် ဈေး



ဈေးနှုန်းအတိုင်းသာ ရောင်းချပေးနေကြောင်း မန္တလေးမီးပုံးဈေးကွက်က သိရသည်။

ဖိုးကျော်မီးပုံးလုပ်ငန်းပိုင်ရှင် ဒေါ်ကြည်ကြည်ဌေးက 'မှန်ရောင်မြှင့်ပေးဝယ်နေရပါတယ်။ ဒါပေမဲ့လည်း မီးပုံးတွေဟာ မြို့တွင်းထက် နယ်မြို့တွေက အမှာများတာကြောင့် သယ်ယူစရိတ်ရှိနေတဲ့အတွက် အရင်နှစ်ကဈေးအတိုင်း ရောင်းပေးနေပါတယ်' ဟု ပြောသည်။

ပုံမှန်ဖောက်သည်များက အော်ဒါများ စမှာနေပြီး မြစ်သား၊ မူဆယ်၊ ကျောက်ဆည်၊ နမ့်ခမ်း စသည့်နေရာများမှ ကုန်သည်တစ်ဦးလျှင် အနည်းဆုံး ကျပ် ၁၀ သိန်းဖိုး မှာယူကြောင်း မန္တလေးမီးပုံးဈေးကွက်မှ သိရသည်။ မန္တလေးမီးပုံးဈေးကွက်တွင် ယုန်ကား၊ လေယာဉ်၊ သင်္ဘော၊ ရဟတ်ယာဉ်၊ တင့်ကား၊ မီးခွက်၊ အိမ်၊ အန်စာတုံး စသည့်ပုံစံများအရောင်းသွက်နေပြီး အရွယ်အစားနှင့်ပုံစံပေါ်မူတည်ကာ ကျပ် ၅၀၀ မှ ကျပ် ၄,၀၀၀ အထိ ဈေးရှိနေကြောင်းသိရသည်။

ပြီးခဲ့သည့်နှစ်က မီးပုံးအရေအတွက် ၃၀,၀၀၀ ကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး ယခုနှစ်အတွင်း ဩဂုတ်လကုန်အထိ မီးပုံး ၂,၀၀၀ ကျော် ရောင်းချပြီးဖြစ်ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

## သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်

အခြေအနေ အချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်



သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်း ကိုဆိုသည်

### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ရန်

-နေရာမရွေး၊ အချိန်မရွေး၌ မည်သူမဆိုမှ ကလေးသူငယ်များအပေါ် မုဒိမ်းမှု ကျူးလွန်နိုင်ကြောင်း အသိပညာပေးရန်၊

-မိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုအား ကလေးသူငယ်များအပေါ် သက်ငယ်မုဒိမ်းမှု ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးရန်၊

ရပ်ရွာလူထုမှ ဆောင်ရွက်ရန်

-မိမိနှင့် နီးစပ်ရာ ကလေးသူငယ်များကို မည်သို့ သွားလာနေထိုင်ရမည်၊ မည်သို့ အကူအညီတောင်းရမည်၊ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သင်ကြားထားသင့်ပါသည်။

- ကလေးသူငယ်နှင့် ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက မေးမြန်းခြင်း၊ လိုက်လံကြည့်ရှုခြင်း ပြုလုပ်ပါ။



### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

အုပ်ထိန်းသူများမှ ဆောင်ရွက်ရန်

-ကလေးသူငယ်အား တစ်ယောက်တည်း၊ အဖော်မပါဘဲ အပြင်သို့ မလွှတ်ရပါ။

-မိမိကလေးကို အကြောင်းကြောင်းကြောင့် ထားရစ်ခဲ့ရန် လိုအပ်ပါက ရပ်ရွာနှင့် ယုံကြည်စိတ်ချရသူများထံ အသိပေးအပ်နှံပါ။

-ကလေးအား မိမိ၏အိမ်လိပ်စာ၊ မိဘအား ဆက်သွယ်ရန် ဖုန်းနံပါတ်များအား အလွတ်ရရှိရေး သင်ကြားထားပါ။

-ကလေးသူငယ်၏ ထိတွေ့ကိုင်တွယ်ရန် မသင့်လျော်သည့် ပါးစပ်၊ရင်ဘတ်၊ လိင်အင်္ဂါ၊ စအို၊ တင်ပါးစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ပါကငြင်းဆန်တတ်အောင် သင်ကြားပေးပါ။

-ကလေး၏ ထူးခြားမှုကို အမြဲသတိပြုပြီး ဂရုတစိုက် မေးမြန်းပါ။

ကလေးသူငယ်များမှ ဆောင်ရွက်ရန်

-ကလေးသူငယ်၏ထိတွေ့ကိုင်တွယ်ရန်မသင့်လျော်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ခြင်း၊ မလျော်မကန်ပြုမူခြင်းဆောင်ရွက်လာပါက ငြင်းဆန်ရန်၊ အော်ဟစ် အကူအညီတောင်းရန်၊ ထွက်ပြေးရန်နှင့် ယုံကြည်ရသူ တစ်ဦးဦးအား ပြောပြတိုင်ကြားရန်။




### ဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက/ လက်ခံရရှိပါက/ မျက်မြင်တွေ့ရှိပါက

အမြန်ဆုံးတိုင်ကြားနိုင်ရေးကိုဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်-

- ◆ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး/ အဖွဲ့အစည်းများထံ အကြောင်းကြားရန်၊
- ◆ ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်၊
- ◆ အစိုးရကျန်းမာရေးဌာန/ဆေးရုံသို့ သွားရန်၊
- ◆ သက်ဆိုင်ရာ ရဲစခန်းသို့ သက်သေခံပစ္စည်းဟု ယူဆရသည့် အရာမှန်သမျှကို မူလအတိုင်း တစ်ပါတည်းယူဆောင်လာရန်၊
- ◆ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်သွယ်ရန်။




- ကျူးလွန်ခံရသည်ဟုသံသယရှိသော ကလေးငယ်အား ပစ်ပယ်မထားဘဲလုံခြုံဘေးကင်းရာထားရှိပို့ဆောင်ပေးပါ။
- ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ လိုအပ်ပါသည်။
- ကျူးလွန်ခံရသူကို အပြစ်တင်ခြင်း မပြုရ။
- ကျူးလွန်ခံရသူ၏ ဆန္ဒမပါဘဲ အတင်းအကျပ် လက်ထပ်ထိမ်းမြားပေးခြင်း မပြုရ။



CAE
PRIVATE HIGH SCHOOL
၂၀၁၉ - ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(နေပြည်တော်)
ဘာသာစုံ ဂုဏ်ထူးရှင် ၁၃ - ဦး
၅ - ဘာသာ ဂုဏ်ထူးရှင် ၂၂ - ဦး
၄ - ဘာသာ ဂုဏ်ထူးရှင် ၂၃ - ဦး
၃ - ဘာသာ ဂုဏ်ထူးရှင် ၂၅ - ဦး
၂ - ဘာသာ ဂုဏ်ထူးရှင် ၄၅ - ဦး
၁ - ဘာသာ ဂုဏ်ထူးရှင် ၆၀ - ဦး
မြန်မာစာ ဂုဏ်ထူးရှင် ၁၅၀ - ဦး
အင်္ဂလိပ်စာ ဂုဏ်ထူးရှင် ၁၈ - ဦး
သင်္ချာ ဂုဏ်ထူးရှင် ၇၁ - ဦး
ဓာတုဗေဒ ဂုဏ်ထူးရှင် ၅၈ - ဦး
ရူပဗေဒ ဂုဏ်ထူးရှင် ၇၈ - ဦး
ဇီဝဗေဒ ဂုဏ်ထူးရှင် ၁၃၈ - ဦး
အောင်ချက်ရာခိုင်နှုန်း ၉၃.၉၂%
၂၀၁၉ - ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(မန္တလေး)
ဘာသာစုံ ဂုဏ်ထူးရှင် ၆၃ - ဦး
၅ - ဘာသာ ဂုဏ်ထူးရှင် ၉၆ - ဦး
၄ - ဘာသာ ဂုဏ်ထူးရှင် ၉၄ - ဦး
၃ - ဘာသာ ဂုဏ်ထူးရှင် ၆၃ - ဦး
၂ - ဘာသာ ဂုဏ်ထူးရှင် ၆၆ - ဦး
၁ - ဘာသာ ဂုဏ်ထူးရှင် ၁၀၃ - ဦး
မြန်မာစာ ဂုဏ်ထူးရှင် ၂၃၅ - ဦး
အင်္ဂလိပ်စာ ဂုဏ်ထူးရှင် ၁၀၈ - ဦး
သင်္ချာ ဂုဏ်ထူးရှင် ၂၅၉ - ဦး
ဓာတုဗေဒ ဂုဏ်ထူးရှင် ၃၁၈ - ဦး
ရူပဗေဒ ဂုဏ်ထူးရှင် ၃၄၄ - ဦး
ဇီဝဗေဒ ဂုဏ်ထူးရှင် ၃၉၄ - ဦး
အောင်ချက်ရာခိုင်နှုန်း ၉၇.၂၃%
အမှတ်(၅၃)၊မြရတနာ လမ်းသွယ်၊၃၂ × ၃၃ ကြား၊၆၃ × ၆၄ ကြား၊မန္တလေး
ဖုန်း - ၀၉ ၂၀၀၆၀၆၅၊၀၂ - ၃၅၂၉၁၊၀၂ - ၇၃၀၈၃၊၀၂ - ၆၁၄၅၅
ဥတ္တရ သီရိမြို့သစ်၊နေပြည်တော်
ဖုန်း - ၀၉ ၂၀၀၆၀၆၅၊၀၆၇ - ၄၁၇၅၈၃၊၀၆၇ - ၄၁၇၅၈၄
THE CONQUEROR ACADEMY OF EDUCATION
CAE
OATTARATHIRI, NAY PYI TAW




DIAMOND
Plastic Printing and Packaging Factory
အရည်အသွေးကောင်းမွန်သောကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍
ပလတ်စတစ်အိတ်နှင့် အလိပ်မျိုးစုံတို့ကို ကျွမ်းကျင်သောပညာရှင်ကြီးများ
ကိုယ်တိုင်ကြီးကြပ်၍ ခေတ်မီသော စက်သစ်ကြီးများဖြင့် ဝယ်သူတို့၏
စိတ်တိုင်းကျ ထုတ်လုပ်ဆောင်ရွက်ပေးနေပါသည်။
Blowing Machine
Printing Machine
Lamination Machine
Slitting Machine
Bags Making Machine
DIAMOND PRINTING (MYANMAR) CO., LTD.
No. 30, R-7, Zaygabar Zone (4), Mingalardon Industrial Zone, Mingalardon Township, Yangon, Myanmar.
Tel : 09 256448833, 09 781158396, 09 251053281
Email : diamondprintingmyanmar@gmail.com
Website : www.diamondprintingmyanmar.com




YANGON METAL INDUSTRY CO.,LTD
99.99% Lead and lead alloys
UKAS QUALITY MANAGEMENT 005
SGS
Office Address
No. F/S 14, Shwe Sabei Yeik Mon, Bayintnaung Road,Kamayut Township,Yangon, Myanmar.
Phone : 01 527667, 01 701719~20, 09 73099669
Factory Address
Block No 261~263, Parami Street,Myaungdakar Industrial Zone, Hmawbi Township, Yangon, Myanmar.
Phone : 09 8600157, 09 73155729, 09 8610944
E-mail : info@yangonmetal.com.
Website : www.yangonmetal.com

# နေပြည်တော်

အမှတ်တံဆိပ်



## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## နှင့်

## ပရဆေး ရောင်းဝယ်ရေး




မှတ်ပုံတင်အမှတ် - ၁၂/၅၆

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄ တဆထလ/တိုး(၁၅၆)

ပင်းရင်း - ဦးထွန်းအေး၊ အမှတ်(၃၁၇)၊ ၈၂လမ်း၊ ၂၈ - ၂၉လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၂ - ၄၀၃၁၇၅၂ ၀၉ - ၂၀၁၇၇၅၂
ဆိုင်အမှတ်(၈၊၁၀၊၁၂၊၁၄)၊ သဇင်( E )ရုံ၊ မြေညီထပ်၊
အဆင့်မြင့်ဈေးချိုတော်၊ မန္တလေးမြို့။ ၀၂ - ၄၀၂၃၂၈၄

မြန်မာနိုင်ငံတွင် ထုတ်လုပ်သည်။

# SOGO

uPVC WINDOW PROFILE






09 -977 248 189 popularplastic1985@gmail.com www.popularplastic.com Popular Plastic Group

# ဦးဘသန်း + ဒေါ်ခင်မာဝင်း (ခ)မစွဲ

# ရွှေသန့်စင်လုပ်ငန်း

အမှတ်(၄)၊ ရန်နိုင်ဆွေ (၁)လမ်း၊ သာကေတစက်မှုဇုန်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၅၁၈၈၃၅၃၊ ၀၉ - ၅၁၈၂၆၂၆၊
၀၉ - ၇၉၉၆၆၁၁၂၉၊ ၀၉ - ၇၉၉၆၆၁၁၃၉၊
၀၉ - ၅၁၉၁၃၆၄၊ ၀၉ - ၂၅၉၉၂၀၅၉၉

Email : bathangold@gmail.com

# sun

ELECTRICAL ENGINEERING & CONSTRUCTION CO.,LTD.

Address: No.72,(1 - A), Tayoke Kyaung Street, Sanchaung Township, Yangon.

Tel: 01-2304752, 01-706851, 09-500 1247, 09 862 2829
Email : sunelectricalengineering@gmail.com

INSTALLATION OF 66/33 KV, 66/11 KV, 33/11 KV, 33/.04 KV,
11-6.6/0.4 KV, 11/0.4 KV SUBSTATION
66 KV LINE, 33 KV LINE, 11 KV LINE, 6.6 KV LINE & 400 V LINE
CIVILWORK FOR SWITCH BAY, SWITCH YARD, SUBSTATION
CONTROL BUILDING CONSTRUCTION



66/11 KV, 2 X 30 MVA GIS SUBSTATION @ YADANA



66/11 KV, 5 MVA SUBSTATION @ VERTICAL WIND TUNNEL



66 KV DOUBLE CIRCUIT O/H LINE @ FORTUNE PLAZA



66 KV DOUBLE CIRCUIT O/H LINE @ BAYINT NAUNG

# NEW MAXTHERM MYANMAR

## BOILER MANUFACTURING IN MYANMAR SINCE 2012

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထုတ်လုပ်သည်။












၅ တန်မှ တန် ၃၀ ဘွိုင်လာများကိုလည်း အိန္ဒိယနိုင်ငံမှ တင်သွင်းရောင်းချပါသည်။

India နိုင်ငံ Maxtherm Company နှင့် ပူးပေါင်း၍ IBR ကို အခြေခံပြီးထုတ်လုပ်ပါသည်။

>> Packaged Boiler Capacity - 500 Kg/Hr to 5000Kg/Hr

>> Max.Working Pressure - 10.54 $Kg/cm^2$ to 24.5 $Kg/cm^2$

>> Multi Fuel- Husk/ Agrowaste/ Wood Chips/ Coal

MORE THAN DECADE IN POCESS HEAT
ENERGY


NEW MAXTHERM MYANMAR ENGINEERING CO.,LTD

Office : No.30/34(A), 3rd Floor,39th Street, Ward No.(8), Kyauktada Township, Yangon, Myanmar.

Factory : No.47, Development Zone(1), Yawatwinwon U Phoe Hlaing Rd, Dagon Seaikkan Township, Yangon Myanmar.

Tel : 09 5106587, 095117412, 09 5123979 Email : newmaxtherm.mm@gmail.com


DAEWOO BUS MYANMAR
Pre Order Now
09897707706
09797234477
Bus Stop
BS 106
Korea နိုင်ငံ၏ နံပါတ် (၁) Daewoo Bus များကို မြန်မာနိုင်ငံတွင်
တပ်ဆင်ထုတ်လုပ်ရောင်းချ လျက်ရှိပါသည်။


city
rewards
rewards, payments and more
ဒီနေ့ဘာလို့
Rewards Points တွေမယူတာလဲ?
လက်မလွှတ်စေနဲ့နော်...
#CR4U
ခုပဲ Download လုပ်လိုက်ပါ
Google play
App Store


CMI
CMI Engineering Company Limited
Specialize in Powder Coating
All Colour Available
CMI Engineering Company Limited
No. 8, BLK A01, Kyan Sitthar Road, Kyan Sitthar Yeikmon Industrial Zone, 143/1 Ward, South Dagon Township
Office Hotline : 09-401111040 09-401111050 Email : sales_enq@cei.sg